**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)**

**(ကြာသပတေးနေ့)**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၄၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ၂၀-၈-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတက်ရောက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးနေဘင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆီပဲဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာ ဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်ကြီးဒေါ်အေးသဥ္ဇာကျော်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်းနှင့် ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံစတုတ္ထအစည်းအဝေး တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**မုံရွာ – သာစည် – နောင်ကြီးအိုင် – မူးကမ်းကြီး – ဆိပ်ခွန် – ရွှေဘိုလမ်းပိုင်း မိုင်တိုင်(၈)မိုင်မှ (၁၃)မိုင်အထိ (၅)မိုင်အရှည်အား မူလအကျယ်(၁၂)ပေ ကတ္တရာလမ်းမှ(၁၈)ပေအကျယ်ချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများကို မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် မုံရွာ – သာစည် – နောင်ကြီးအိုင် – မူးကမ်းကြီး – ဆိပ်ခွန် – ရွှေဘို လမ်းပိုင်း၌ မိုင်တိုင်(၈)မိုင်မှ (၁၃)မိုင်အထိ (၅)မိုင်အရှည်အား မူလ အကျယ်(၁၂)ပေ ကတ္တရာ လမ်းမှ (၁၈)ပေအကျယ်ချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းအတွက် ၂၀၂၀ – ၂၀၂၁ ခုနှစ် ဘတ်ဂျက်၌ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံးတိုင်း တစ်တိုင်းဖြစ်ပြီး တစ်တိုင်းလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပန်းဆက်သွယ်ရေးဟာ ကောင်းမွန်ချောမောဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခုတင်ပြတောင်းဆိုသည့် လမ်းမှာ မုံရွာ – သာစည် – နောင်ကြီးအိုင် – မူးကမ်းကြီး – ဆိပ်ခွန် – ရွှေဘိုလမ်းအပိုင်း ဖြစ်ပါတယ်။ မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်တို့ ဆက်သွယ်ထားသည့် ခရိုင်ချင်းဆက်လမ်းပိုင်းလည်းဖြစ်ပါတယ်။ လမ်းမှာ ကျဉ်းမြောင်းပြီး ချောမွေ့ခြင်း မရှိပါဘူး။ လမ်းတစ်လျှောက်လုံး ပြင်ဆင်မွမ်းမံရန် လိုအပ်တဲ့လမ်းပိုင်းလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်တိုင်(၈)မိုင်မှ (၁၃)မိုင်အထိ (၅)မိုင်အရှည်အား မူလအကျယ် (၁၂)ပေ ကတ္တရာလမ်းအနေအထားမှ အကျယ်(၁၈)ပေ ချဲ့ပြီး ကတ္တရာထပ်ပိုးလွှာခင်းဖို့ လိုအပ်ခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းအကျယ်ချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းဖို့အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁၈၇၈.၅)သန်း ကုန်ကျမှာဖြစ်ပါတယ်။ မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်တို့သည် ဆက်သွယ်မှုလမ်းကြောင်းအရ ကုန်စည်ကူးသန်းရောင်းဝယ်ရန် နေ့စဉ်သွားလာကြသည့် ခရီးသည်ကားများနှင့် ကုန်တင်ယာဉ်များ ယာဉ်မျိုးစုံသွားလာသည့် လမ်းများဖြစ်ပါတယ်။ အမှန်တကယ်လမ်းကျဉ်း၍ ချဲ့ရန်လိုအပ်နေသည့်အတွက် ၂၀၂၀–၂၀၂၁ ခုနှစ်ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၁။**

**ဦးဟန်ဇော် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး မေးမြန်းထားသည့် မုံရွာ – သာစည် – နောင်ကြီးအိုင် – မူးကမ်းကြီး – ဆိပ်ခွန် – ရွှေဘိုလမ်းပိုင်း၌ မိုင်တိုင်(၈)မိုင်မှ (၁၃)မိုင်အထိ (၅)မိုင်အရှည်အား မူလအကျယ်(၁၂)ပေ ကတ္တရာလမ်းမှ(၁၈)ပေအကျယ်ချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်

တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များနှင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာ – သာစည် – နောင်ကြီးအိုင် – မူးကမ်းကြီး – ဆိပ်ခွန် – ရွှေဘိုလမ်းပိုင်းဟာ အရှည် (၅၇)မိုင် (၇)ဖာလုံ ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါ လမ်း၏ လက်ရှိအခြေအနေမှာ (၂၄)ပေအကျယ် ကတ္တရာလမ်းအရှည်(၂)ဖာလုံ၊ (၁၈)ပေအကျယ် ကတ္တရာလမ်း အရှည်(၁၂)မိုင် (၇)ဖာလုံ၊ (၁၂)ပေအကျယ် ကတ္တရာလမ်း အရှည်(၄၄)မိုင် (၆)ဖာလုံ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မုံရွာ – သာစည် – နောင်ကြီးအိုင် – မူးကမ်းကြီး – ဆိပ်ခွန် – ရွှေဘိုလမ်းပိုင်း၌ မိုင်တိုင်အမှတ် (၈)မိုင်မှ (၁၃)မိုင်အထိ လမ်းမိုင်အရှည်(၅)မိုင်အား မူလ (၁၂)ပေအကျယ် ကတ္တရာလမ်းမှ(၁၈)ပေ အကျယ်ချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံခဲ့သော်လည်း မိုင်တိုင်အမှတ်(၇/၄)မှ (၈/၀) အထိ(၄)ဖာလုံသာ လျာထားနိုင်ခဲ့သဖြင့် ကျန်ရှိသည့်လမ်းပိုင်းများကို နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်၍ ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသောအချက်အလက်များနှင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုး သဘာဝသစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်နေထိုင်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူ ဖယ်ရှားရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း

ဆက်သဂါရဝပြုပါတယ်။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုး သဘာဝသစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ကြသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူ ဖယ်ရှားရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြတ်ဗုဒ္ဓရဲ့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီမှာ ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးသစ်တောကြိုးဝိုင်းအတွင်း ကိန်းအောင်းစံပွာယ်လျက်ရှိပြီး အခွန်လွတ်သာသနာ့မြေ (၈.၉၅)ဧကအပြင် ကျိုက်ထီးရိုးစေတီတော်နှင့် ဆိုင်ရေးဆိုင်ခွင့်ဧရိယာ ပေါင်း(၆၆၉.၂)ဧကကို ယခင်လွှန်ခဲ့သောအစိုးရလက်ထက် သစ်တောရေးရာဝန်ကြီးဌာနမှ တရားဝင်စာဖြင့် ခွင့်ပြုထားခဲ့ပါတယ်။ တရားဝင်ဘုရားပွဲတော်ကာလမှာ သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိဖြစ်သော်လည်း တစ်နှစ်ပတ်လုံး ကဆုန်လပြည့်နေ့အထိ ပြည်တွင်းဘုရားဖူးပရိသတ်ပေါင်း လူဦးရေ(၂၈)သိန်းခွဲခန့်နှင့် နိုင်ငံခြားသားဘုရားဖူး လူဦးရေ(၁၅၀၀၀၀)ခန့် လာရောက်ဖူးမြော်ကြပါတယ်။ သိန်း/သန်းချီ ဦးရေများပြားလာသည့် ဘုရားဖူးများကိုမှီပြီး စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ကုန်စုံအဝတ်အထည် ဆိုင်ခန်းများ စသဖြင့် လုပ်ငန်းများတိုးပွားလာသည်နှင့်အမျှ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများမှ လက်လုပ်လက်စားများဟာ ကျိုက်ထီးရိုးဘုရားကိုမှီ၍ ပျံကျဈေးသည်များအဖြစ် ရောက်ရှိလာပြီး လုပ်ကိုင်စားသောက်ကြပါတယ်။ မူရင်းဒေသကို မပြန်ကြတော့ဘဲနှင့် သစ်တောများအတွင်း မည်သူ့ခွင့်ပြုချက်မှမယူဘဲ ကျူးကျော်နေထိုင်လျက်ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံးက တာဝန်ပေးအပ်ထားသည့်အဖွဲ့မှ ၂၁-၅-၂၀၁၉ ရက်နေ့ တင်ပြချက်အရ ကျိုက်ထီးရိုးသစ်တောကြိုးဝိုင်းအတွင်း နေရာအနှံ့ကျူးကျော်လာရောက်နေထိုင်သည့် အိမ်ခြေပေါင်း (၆၈၈)အိမ် ရှိပြီး အိမ်ထောင်စုပေါင်း (၈၃၆)စု ရှိကြောင်းသိရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးတွင်းကာလများတွင် ကျူးကျော်နေထိုင်သူများမှာ အလုပ်မရှိ၍ နှစ်စဉ် ထင်းခုတ်ပြီး တရားမဝင် သစ်ခွဲသည့်လုပ်ငန်းများ လုပ်ကိုင်စားသောက်နေရတဲ့အတွက်ကြောင့်မို့လို့ သစ်တောများ ပြုန်းတီးလျက်ရှိပါတယ်။ ဘုရားပွဲတော်ကာလမှာ ရင်ပြင်တော်ပေါ်တွင် ပျံကျဈေးသည်များအဖြစ် လုပ်ကိုင်ကြသကဲ့သို့ နိုင်ငံခြားသားဘုရားဖူးများနှင့် အခြားဘာသာဝင်များ အထင်အမြင်သေးစေသည့် ရင်ပြင်တော်ပေါ်တက်ပြီးတော့ Massage လုပ်ခြင်း၊ လစ်လျှင်လစ်သလို ပိုက်ဆံအိတ်များ၊ လက်ကိုင်ဖုန်းများ အလစ်သုတ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ Slide–2 မှာ မြင်ရတာက ရသေ့တောင်ကားလမ်း၊ Cable ကားဝါယာကြိုးအောက်မှာ နေထိုင်သည့် ကျူးကျော်အိမ်များ ဖြစ်ပါတယ်။ Slide– 3 မှာက ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ကြားမှာရှိသည့် ဆင်ချောက်ဒေသမှာ ကျူးကျော်နေထိုင်ကြသည့် အိမ်များဖြစ်ပါတယ်။ Slide– 4 မှာက ရသေ့တောင် လမ်းဆုံလမ်းသစ်မှ ကျူးကျော်နေထိုင်သည့် အိမ်များဖြစ်ပါတယ်။ Slide– 5 မှာက ကျောက်ထပ်ကြီးဘက်ကိုသွားသည့် လမ်းပေါ်မှာရှိသည့် စူဠာမဏိ ဘုန်းကြီးကျောင်းအတွင်းမှာ သစ်စက်များထောင်ပြီး သစ်ခွဲနေသည့်ပုံ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထီးရိုးစေတီတော်ရဲ့ ကုန်းမြေပေါ်မှာ လေလံရယူရောင်းချသည့် ဈေးဆိုင်ပိုင်ရှင်များနှင့် ကျူးကျော်ဈေးသည်များ ပဋိပက္ခဖြစ်ခြင်း၊ ကျူးကျော်နေထိုင်သူအများစုက ပုံကျဈေးသည်အဖြစ် ရင်ပြင်တော်ပေါ်တက်ပြီး ဈေးရောင်းလို့ ရင်ပြင်တော် ညစ်ညမ်းခြင်း၊ လူသွားလမ်းများအပေါ် ဈေးတက်ရောင်းသည့်အတွက် ရက်ကြီးအခါကြီးကာလများမှာ တောင်ပေါ်တက်မရ၊ ဆင်းမရတာမျိုး အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်းဂေါပကမှ တင်ပြလာသည့်အတွက် ယခုမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆင်ချောက်ကျေးရွာ ကျူးကျော်နေအိမ်များအား တွေ့မြင်ရသည့် မြင်ကွင်းပုံ (ဗ)




လမ်းဆုံလမ်းသစ်မှ ကျူးကျော်နေအိမ်များအား တွေ့မြင်ရသည့် မြင်ကွင်းပုံ (ဗ–၁)



စူဠာမဏိ ဘုန်းကြီးကျောင်းဝင်းအတွင်း သစ်များ ခွဲစိတ်ထားသည့် မှတ်တမ်းဓာတ်ပုံ (ဗ-၂)



**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၈။**

**ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မေးမြန်းထားသည့် မေးခွန်းနှင့် စပ်လျဉ်းပြီး မွန်ပြည်နယ်အစိုးရအဖွဲ့နှင့်ပေါင်းစပ်ပြီး ကျွန်တော် ရဲမြင့်ဆွေ ဒုတိယဝန်ကြီး၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် တည်ရှိရာ ကျိုက်ထီးရိုး သဘာဝ ကြိုးဝိုင်းတောရေိယာ(၃၈ဖ၁ဖ)ကေကို ကျွန်တော်တို့ သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၃၇/၂၀၀၁ ဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့ပါတယ်။ ကြိုးဝိုင်းတော ဖွဲ့စည်းစဉ်က ဆိုင်ရာဆိုင်ခွင့် အဖြစ် သာသနာ့နယ်မြေ ဧရိယာ(ဖဖ၉၈)ဧက၊ ခြံမြေ၊ ယာမြေဧရိယာ (၁၄၇.၇၉)ဧက ပါဝင်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် Power Point တွင် တင်ပြပါအတိုင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဇုန်ဝင်ကြေးကောက်ခံရမည့်မြေဧရိယာ၊ ကျိုက်ထိုဟိုတယ်မြေဧရိယာနှင့် မိုးဘော(နတ်စင်ကျေးရွာ) ခမောက်ခွေ၊ ကော်ကပ်နှင့် ချောင်းစောက်ကျေးရွာတို့အတွက် ကျေးရွာ

မြေနှင့် သာသနာမြေစုစုပေါင်းဧရိယာ (၅၂.၀၉) ဧကကို ကြိုးဝိုင်းတောအတွင်းမှာ ပယ်ဖျက်ပေးခဲ့ပါတယ်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ နှစ်စဉ် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ သန်းနှင့်ချီ၍ လာရောက်ကြရာ ဘုရားဖူးဧည့်သည်များကိုမှီပြီး လက်လုပ်လက်စားများ၊ ဈေးသည်များ နေရာအနှံ့အပြားမှ ရောက်ရှိလာကြပြီး ကျိုက်ထီးရိုးသဘာဝကြိုးဝိုင်းတောအတွင်း တရားမဝင် ကျူးကျော်နေထိုင်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ တရားမဝင် ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးနှင့် စာရင်းကောက်ယူခဲ့ရာ Power Point မှာ တင်ပြပါအတိုင်း သာသနာ့နယ်မြေဧရိယာ၊ Cable Car Tower နှင့် Rope-Way ဧရိယာနှင့် သဘာဝကြိုးဝိုင်းတော ဧရိယာတို့မှာ ကျူးကျော်ဝင်ရောက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ကျိုက်ထီးရိုးသဘာဝကြိုးဝိုင်းတောအတွင်း တရားမဝင် ကျူးကျော်နေထိုင်သူများအား ဖယ်ရှားခြင်းသည် အချိန်ယူဆောင်ရွက်ရသည့်ကိစ္စဖြစ်၍ အသိပေး၊ သတိပေးနှင့် ဥပဒေအရ တရားစွဲဆိုခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ကျိုက်ထီးရိုးသဘာဝကြိုးဝိုင်းတောအတွင်း မြေငှားရမ်းကာ လုပ်ကိုင်ဆောင်ရွက်နေတဲ့ Cable Car Tower နှင့် Rope-Way ဧရိယာအတွင်း တရားမဝင် ကျူးကျော်နေထိုင်သည့် အိမ်ထောင်စု (၃၃)စုအား အရေးယူဖယ်ရှားခဲ့ရာ အိမ်ထောင်စု(၃၂)စုမှ ကျူးကျော်မှုများကို ကျွန်တော်တို့ ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါတယ်။ မဖျက်သိမ်းသေးသည့် တစ်ဦးအား ဆက်လက်အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် သဘာဝသစ်တောကြိုးဝိုင်းအတွင်း တရားမဝင် သစ်ခုတ်လှဲသူ(၃)ဦး၊ ဈေးဆိုင် ကျူးကျော်ဆောက်လုပ်သူ(၃)ဦးနှင့် တရားမဝင် အဆောက်အအုံဆောက်လုပ်သည့် ရတနာရွှေဆင်ကြီး ဆောက်လုပ်ရေးကုမ္ပဏီတို့ကို တရားစွဲဆိုခဲ့ပြီး အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကျိုက်ထီးရိုးဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်ရေး Master Plan အရ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ရင်ပြင်တော်နှင့် ဆက်စပ်လမ်းများပေါ်မှာရှိတဲ့ ကျူးကျော်ဆိုင်များကို ဖယ်ရှားပြီး ဝင်းကလောလမ်းဆုံနေရာ၌ အစားထိုးနေရာပေးခြင်းဆောင်ရွက်ရာမှာ မိမိတို့ဝန်ကြီးဌာနမှလည်း လိုအပ်သည်များကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျိုက်ထီးရိုး သဘာဝကြိုးဝိုင်းတောအတွင်း တရားမဝင် အမဲလိုက်ခြင်း၊ သစ်ခုတ်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ မရှိစေရေး ကင်းလှည့်ထိန်းသိမ်းခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းနှင့် မြေအသုံးချမှု စစ်ဆေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် ကျိုက်ထီးရိုးသဘာဝ ကြိုးဝိုင်းတောအတွင်း ကျူးကျော်ဝင်ရောက်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး ထပ်မံ

ကျူးကျော်မှုမရှိစေရေး ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသည့် သစ်တောဦးစီးဌာန၊ ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျိုက်ထီးရိုးဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့တို့နှင့်ပူးပေါင်းပြီး ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့မှလည်း ညွှန်ကြားချက်နှင့်အညီ တားဆီးကာကွယ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းကို ရှင်းလင်းတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်ကျေးရွာအုပ်စု၊ ချင်းဒေါက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသစ် တည်ဆောက်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် နယ်မြေဖြစ်သော ပလက်ဝမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသတစ်ခုဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ပလက်ဝမြို့နယ်အတွင်း အစိုးရဌာနအသီးသီးများတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စု၊ ချင်းဒေါက်ကျေးရွာသည် အိမ်ခြေ(၉၆)ဆောင်ရှိပြီး လူဦးရေ(၄၈၉)ဦးခန့် နေထိုင်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိပြီး ဒေသ၏လိုအပ်ချက်အရ ယခင်နှစ်က အစိုးရမှ ကျန်းမာရေးဌာန(ခွဲ)အဖြစ် ဖွဲ့စည်းပုံချထားပေးပြီးဖြစ်ပါတယ်။ အစိုးရဘက်မှ ကျန်းမာရေးကြီးကြပ်ရေးမှူး-၂ ဝန်ထမ်း(၁)ဦးကို နေရာချထားပေးသော်လည်း နေရာထိုင်ခင်း အခက်အခဲဖြစ်နေပါတယ်။ ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ချထားပေးနိုင်ရေးကိစ္စကို ရွာသားများက မေးမြန်းရာ လွှတ်တော်သို့ တောင်းဆိုတင်ပြသွားရန် အကြိမ်ကြိမ်မှာကြားခဲ့ပြီး ယခုလို လွှတ်တော်မှာ မေးခွန်းအဖြစ်

အဆောက်အအုံ ရရှိရေးကို တင်ပြခြင်းဖြစ်ပါတယ်။ အဆောက်အအုံတည်ဆောက်ရန် နေရာအတွက်လည်း ကျေးရွာရှိလူကြီးတစ်ဦးမှ လုံလောက်သောမြေနေရာကို လှူဒါန်းထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းဒေါက်ကျေးရွာသည် ပလက်ဝမြို့မှ ရေမိုင်(၂၂)မိုင် အကွာတွင်တည်ရှိပြီး ဒလက်မေကျန်းမာရေးဌာနနှင့် ရေမိုင်(၈)မိုင်၊ င/ရှားကျေးရွာကျန်းမာရေးဌာန(ခွဲ)နှင့် ရေမိုင်(၆)မိုင်အကွာတွင် တည်ရှိပါတယ်။ အသွားအလာအတွက် ကုန်းလမ်းမရှိသည့်အတွက် နွေ၊ မိုး၊ ဆောင်း ရေကြောင်းဖြင့်သာ သွားလာခဲ့ရပါတယ်။ အထူးသဖြင့် မိုးရာသီတွင် မြစ်ရေ၊ ချောင်းရေများ ရေကြီးခြင်းများကြောင့် ကျေးရွာနှင့် အုပ်စုအတွင်းရှိ ပြည်သူများသည် ကျန်းမာရေးကိစ္စများ အရေးပေါ် ဖြစ်ပေါ်လာပါက ဆေးရုံ၊ ဆေးခန်းများသို့ သွားလာရသည်မှာ ဒုက္ခမျိုးစုံ ခံစားရပါတယ်။ ဒါကြောင့် အုပ်စုအတွင်းရှိ ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ဆောက်လုပ်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ ကျန်းမာရေးအဆောက်အအုံ ခိုင်ခိုင်မာမာနှင့် ကျန်းမာရေးဝန်ထမ်းများရှိလာပါက အုပ်စုအတွင်း လူဦးရေ(၁၄၀၀)ဦးခန့်နှင့် အနီးပတ်ဝန်းကျင်အုပ်စုများမှ လူဦးရေ(၁၂၀၀)ကျော်ခန့်အတွက် အကျိုးပြုစေမှာဖြစ်ပါတယ်။ ဝေးလံခေါင်သီသောဒေသခံ ပြည်သူများအတွက် ကျန်းမာရေးကိစ္စရပ်များအားလုံး အဆင်ပြေချောမွေ့စေရန်အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ဒေသလိုအပ်ချက်အရ စဉ်းစားသင့်ပါကြောင်း တင်ပြလိုပါတယ်။

ထို့ကြောင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စု၊ ချင်းဒေါက်ကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံအသစ် တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၅။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဆုတောင်းပါတယ်။ ကျွန်တော်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ၏ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်

အုပ်စု၊ ချင်းဒေါက်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွင် လိုအပ်သော ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံအား လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပြန်လည်သုံးသပ်သည့်အခါမှာ ပလက်ဝမြို့နယ်မှာ တိုက်နယ် ကျန်းမာရေးဌာန(၃)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၁၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၆၀)ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခုတို့ဖြင့် လူဦးရေ(၁၀၈၀၁၁)ခန့်အား ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ဒီတင်ပြထားသည့် ပလက်ဝမြို့နယ်၊ ချင်းဒေါက်ကျေးလက် ကျန်းမာရေးဌာန(ခွဲ)သည် ဒလက်မေကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိပါတယ်။ ကျွန်တော် ပြန်လည်သုံးသပ်သည့်အခါမှာ တာဝန်ကျ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ (၁)ဦး၊ သားဖွားဆရာမ၊ (၁)ဦးရှိပါတယ်။ သို့သော် သားဖွားဆရာမ(၁)ဦး လစ်လပ်လျက်ရှိပါတယ်။ ဒါကို မေးခွန်းမှာမပါသော်လည်း လစ်လပ်နေသည့်သားဖွားဆရာမ(၁)ဦးကို ကျွန်တော်တို့ အမြန်ဆုံးခန့်ပေးဖို့လုပ်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သားဖွားဆရာမ မရှိရင် ဒီဧရိယာမှာရှိသည့် ကလေးမိခင်တွေ သေနှုန်းဟာ မြင့်လာမှာဖြစ်သည့်အတွက် ဒါကို အမြန်ဆုံးခန့်အပ်ပေးဖို့ ကျွန်တော် စီစဉ်ပါမယ်။

ဒီကျေးလက်ကျန်းမာရေးဌာနအတွက်ကို ဖွဲ့စည်းပုံက ကျပြီးပါပြီ။ အားလုံးရှိပါတယ်။ သို့သော် အဆောက်အအုံက မရှိသေးပါဘူး။ ပထမဆုံးတင်ပြရလျှင် မြေက ကျွန်တော်တို့ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနပိုင်သည့်မြေမရှိပါဘူး။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ချင်းဒေါက်ကျေးလက် ကျန်းမာရေးဌာန(ခွဲ) ဆောက်ဖို့အတွက် ပလက်ဝမြို့နယ်၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး မြေစာရင်း ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ချင်းဒေါက် ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)မှ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံပညာ အလယ်တန်းကျောင်းအုပ်ကြီးတို့မှ ဧရိယာ(၀.၇၃)ဧကရှိရွာမြေကို ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံဆောက်လုပ်ရန်အတွက် လှူဒါန်းဖို့ အစည်းအဝေးဆုံးဖြတ်ပြီး မြေစာရင်းဦးစီး ဌာနသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမည်ပေါက်ရရှိရေး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရပါတယ်။

သို့သော်လည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တည်ဆောက်မယ်ဆိုရင် ကျွန်တော်တို့ မြေဧရိယာ(၀.၂၃)ဧကပဲ လိုပါတယ်။ သူတို့လှူတာက ဧရိယာ(၀.၇၃)ဧကဆိုတော့ တော်တော် ကျယ်ကျယ်ဝန်းဝန်းရရှိမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပြန်လည်သုံးသပ်သည့်အခါမှာ ချင်းပြည်နယ်၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပလက်ဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တင်ပြထား သည်မှာ လတ်တလောအခြေအနေတွင် နယ်မြေလုံခြုံရေးအခြေအနေအရ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် တည်ဆောက်ပေးလို့ မရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာနှစ်မှာ မပါသွားပါဘူး။ သို့သော်လည်း ၂၀၂၁-၂၀၂၂ ခုနှစ်မှာ ကျွန်တော့်အမြင် နယ်မြေလုံခြုံရေး အခြေအနေလည်းကောင်းလာမည်ဟု ယူဆသည့်အတွက် ၂၀၂၁-၂၀၂၂ ခုနှစ်ဘတ်ဂျက်မှာ ကျွန်တော်တို့ ထည့်သွင်းလျာထားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် ခိုလှုံနေကြသည့် တိုက်ပွဲရှောင် ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးနှင့် ဒုက္ခသည်စခန်း (IDPs Camp)များ အမြန်ဆုံး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ရခိုင်ပြည်နယ်၊ ကျောက်တော် မြို့နယ်တွင် ခိုလှုံနေကြသည့် တိုက်ပွဲရှောင် ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးနှင့် ဒုက္ခသည်စခန်း (IDPs Camp)များ အမြန်ဆုံးစီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကြောင့် ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်အတွင်းမှာ ယခုအချိန် ဆိုလျှင် တိုက်ပွဲဖြစ်ပွားမှုကြောင့် တိုက်ပွဲရှောင်လာကြသည့်ဒုက္ခသည်များ တစ်နေ့တခြား

များပြားလာနေသည်ကို တွေ့နေရပါတယ်။ တိုက်ပွဲဖြစ်ပွားရာနှင့် အနီးဆုံးကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ အရပ်သားပြည်သူများ ကျောက်တော်မြို့ပေါ်သို့ လာရောက်ခိုလှုံကြခြင်းဖြစ်ပါတယ်။ အဆိုပါ ကျေးရွာများက ကျောက်တော်မြို့နယ်နှင့် ပလက်ဝမြို့နယ်အကြား ကုလားတန်မြစ်ကြောင်း တစ်လျှောက် ကျေးရွာများမှ အများစု ပါဝင်ကြပါတယ်။ ကျွန်တော် ယခုမေးခွန်းကို မေးမြန်းရသည့် အချိန်မှာ ကျောက်တော်မြို့နယ်တွင် ဒုက္ခသည် ယာယီစခန်း (၁၇)ခုလောက်ထိ ရှိနေကြပြီး ဒုက္ခသည် ဦးရေ (၁၁၉၅၈)ဦးခန့်ထိ ရှိနေပြီဖြစ်ပါတယ်။ အများစုမှာ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဘုရားသိမ်တော်များတွင် စုပြုံပြီး နေထိုင်ကြခြင်းဖြစ်ပါတယ်။ အဆိုးဆုံးမှာ စာသင်ကျောင်းများတွင် နေထိုင်နေရခြင်းဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ကျောက်တော်)၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာမူလတန်းကျောင်းများတွင် နေထိုင်သည့် ဒုက္ခသည်များမှာ ကျောင်းဖွင့်ရာသီရောက်လာပြီဆိုပါက နေထိုင်စရာ နေရာများရှိနိုင်မည်မဟုတ်တော့ဘဲ ကျေးရွာများ သို့လည်း မပြန်ရဲကြသည့် ဒုက္ခသည်များ ဖြစ်ပါတယ်။ တချို့ ကျေးရွာများဆိုရင် နေအိမ်များသို့ လက်နက်ကြီးများ ကျရောက်၍ မီးလောင်ဆုံးရှုံးရခြင်းများ၊ တချို့အိမ်များဆိုရင် လုံးဝပျက်စီးပြီး နေထိုင်၍ မရကြတော့ပါ။ ကျေးရွာလုံးကျွတ် မီးလောင်ခံခဲ့ရသည့် ကျေးရွာများလည်း ရှိနေခဲ့ပြီး ကျေးရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်လာကြခြင်းဖြစ်ပါတယ်။ နေအိမ်များ မီးရှို့ခံရပြီး နေစရာ လုံးဝမရှိကြတော့သည့် ဒုက္ခသည်များအတွက် အစိုးရမှဦးစားပေး၍ မိုးမကျမီ ကျောင်းဖွင့်ရာသီအမီ အမိုးအကာအောက်ရောက်ရှိရေးမှာ လွန်စွာမှ အရေးကြီးသည့်ကိစ္စတစ်ခု ဖြစ်ပါတယ်။

Power Point ဖြင့် ပြသခွင့်ပြုပါရန် တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ ယခု ကျွန်တော်တို့ လွှတ်တော်ခဏနားပြီး ကျောက်တော်မြို့သို့ ရောက်ရှိသည့်အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် မြို့ပေါ်မှ ရပ်မိရပ်ဖများပါဝင်သည့် ကူညီကယ်ဆယ်ရေးကော်မတီမှဦးစီးပြီး အလှူရှင်များ၏ အကူအညီဖြင့် ကဝိရတနာဘုန်းကြီးကျောင်းရှေ့ မြေကွက်လပ်တွင် ယာယီအဆောင် (၁၃)ဆောင်ဆောက်လုပ်ပြီး ဒုက္ခသည် လူဦးရေ(၁၆၅၁)ဦး၊ ကျောက်တော်မြို့ မီးရထားဘူတာရုံ အနီးမြေ ကွက်လပ်တွင် ယာယီအဆောက်အအုံ(၇)ဆောင်ဆောက်လုပ်ပြီး ဒုက္ခသည် လူဦးရေ (၇၀၀)ဦးနီးပါး ဒုက္ခသည် စုစုပေါင်းလူဦးရေ (၂၀၀၀)ကျော်ကို ကျွန်တော်တို့ ရွှေ့ပြောင်းခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အစိုးရအနေဖြင့်လည်း နေပူခံ၊ ဒုက္ခသည်စခန်းတွင် အဆောက်အအုံ(၁၂)လုံး ဆောက်လုပ်ပြီး ဒုက္ခသည် လူဦးရေ (၁၁၈၀)ဦးအထိရှိနေပါတယ်။ Power Point မှာပါရှိသည့်အတိုင်း အဆောက်အအုံ(၄)လုံးကို ဆောက်နေဆဲတွေ့ရှိခဲ့ရပါတယ်။

ကျောက်တော်မြို့ပေါ်တွင် ယခုလက်ရှိ တိုက်ပွဲရှောင် ဒုက္ခသည်စခန်း(၁၂)ခုထိ ရှိနေပြီး စုစုပေါင်းလူဦးရေ (၁၁၄၄၁)ဦးခန့်ရှိကြောင်း သိရပါတယ်။ ကျွန်တော့်အနေဖြင့် ယခုမေးခွန်းကို မေးမြန်းရခြင်း အဓိကရည်ရွယ်ချက်မှာ မိုးမကျမီနှင့် ကျောင်းဖွင့်ရာသီအမီ ဒုက္ခသည်များ အမိုးအကာ အောက်ရောက်ရှိရေး ဖြစ်ပါတယ်။ စာသင်ကျောင်းများမှ ဒုက္ခသည်များကို ကျွန်တော်တို့ကော်မတီ၏

ကြိုးစားမှုကြောင့် ရွှေ့ပြောင်းနိုင်ခဲ့ပေမယ့်လည်း ပြန့်ကျဲပြီး ကျန်ရှိနေသည့် ဘုန်းကြီးကျောင်းများတွင် ရှိသည့် ဒုက္ခသည်များကို ပြောင်းရွှေ့ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ယခုအချိန်မှာ ဝါတွင်းကာလ ဖြစ်နေခြင်းကြောင့် ဘုန်းကြီးကျောင်းများတွင် ဥပုသ်သီလတည်ဆောက်ကြသည့် ဥပုသ်သည်များ အဆင်ပြေမှုမရှိခြင်းကြောင့် ရေရှည်မှာ မလွယ်ကူနိုင်သည်မှာ သေချာပါတယ်။ အဲဒါကြောင့် အစိုးရ အနေဖြင့် တိုက်ပွဲရှောင်စခန်းများအတွက် လူသားချင်းစာနာထောက်ထားပြီး စိတ်ချလုံခြုံစွာနေထိုင် နိုင်ရေးနှင့် အမိုးအကာအောက် ရောက်ရှိစေရေးမျှော်ကိုးပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော်၏ မေးခွန်းဖြစ်သော ကျောက်တော်မြို့နယ်တွင် ခိုလှုံနေကြသည့် တိုက်ပွဲရှောင် ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးနှင့် ဒုက္ခသည်စခန်း (IDPs Camp)များ အမြန်ဆုံး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

နေပူခံတိုက်ပွဲရှောင်ဒုက္ခသည်စခန်း ဆောက်လုပ်ပြီးအဆောက်အအုံနှင့် ဆောက်လုပ်ဆဲ အဆောက် အအုံများ မြင်ကွင်းပုံ (ဘ)




ကဝိရတနာ ဘုန်းကြီးကျောင်းရှေ့ တိုက်ပွဲရှောင် ဒုက္ခသည်စခန်းမှ အဆောက်အအုံများ မြင်ကွင်းပုံ (ဘ-၁)



ကျောက်တော်မြို့နယ် မီးရထားဘူတာရုံအနီး တိုက်ပွဲရှောင်ဒုက္ခသည်စခန်း အဆောက်အအုံများ မြင်ကွင်းပုံ (ဘ-၂)



**ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာနှင့် နေထိုင်ရေးအခက်အခဲများ ကြုံတွေ့နေကြရခြင်းကြောင့် ၎င်းပြည်သူများအတွက် တိုက်ပွဲရှောင်စခန်းများတွင် အခြေခံစားနပ်ရိက္ခာနှင့် နေရာထိုင်ခင်းများ လုံလောက်စွာ စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၃။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ၏မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ် အမ်းမြို့နယ်မှာ တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာနှင့် နေထိုင်ရေးအခက်အခဲများ ကြုံတွေ့နေရခြင်းကြောင့် ၎င်းပြည်သူများအတွက် တိုက်ပွဲရှောင်စခန်းများတွင် အခြေခံစားနပ်ရိက္ခာနှင့် နေရာထိုင်ခင်းများ လုံလောက်စွာစီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။

ကျွန်မတို့ရခိုင်ပြည်နယ်မှာ နှစ်နှင့်ချီပြီး ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မြေပုံမြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ အမ်းမြို့နယ် အစရှိသည့် မြို့နယ်တွေမှာဆိုလို့ရှိရင် ရခိုင်ပြည်သူ(၂၀၀၀၀၀)သိန်းခန့်ဟာ နေရပ်စွန့်ခွာထွက်ပြေးကြောင်း ရခိုင်တိုင်းရင်းသားများ အစည်းအရုံးမှ ဇူလိုင်လအတွင်းက ထုတ်ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တောင်ပိုင်းတို့မှာဖြစ်ပွားနေသည့်

တိုက်ပွဲများကြောင့် လူဦးရေပေါင်း(၈၀၀၀၀)ကျော်ခန့် အိုးပစ်အိမ်ပစ် ထွက်ပြေးနေကြရကြောင်း လေ့လာသိရှိရပါတယ်။

ကျွန်မ၏ မဲဆန္ဒနယ်ဖြစ်သည့် အမ်းမြို့နယ်မှ ပြည်သူများကလည်း တင်ပြကြတယ်။ နောက်သတင်းအချက်အလက်များအရဆိုလို့ရှိရင် ဒလက်ချောင်းကျေးရွာအုပ်စုမှ ကျေးရွာပေါင်း (၄၀)ကျော်ရှိပါတယ်။ အဲဒီထဲကမှ ကျေးရွာ(၃၆)ရွာလောက်ရှိသည့် ပြည်သူ(၅၀၀၀)ကျော်ဟာ နယ်မြေခံတပ်မတော်ရဲ့ နယ်မြေရှင်းလင်းရေး နှုတ်မိန့်ကြောင့်လည်းကောင်း၊ နီးစပ်ရာကျေးရွာမှ ဒေသခံပြည်သူများအထူးသဖြင့် မြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်နေကြတာတွေ့ရှိရပါတယ်။ ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝမှာ စားနပ်ရိက္ခာအတွက် မှီခိုအားထားပြုနေကြသည့် ဒလက်ချောင်းကျေးရွာဟာလည်း စက်တပ်ဟွန်ဒါများကို သွားလာခွင့်ပိတ်ပင်ထားသောကြောင့် ဒေသခံပြည်သူတွေဟာ ကျန်းမာရေးအခက်အခဲများကို ခံစားကြရသည့်အပြင် ရိက္ခာသယ်ယူခွင့်လည်းမရကြပါဘူး။ သွားလာမှုကန့်သတ်ချက်တွေရှိတယ်။ ဒါကြောင့်မို့လို့ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခက်အခဲတွေနှင့် ရင်ဆိုင်နေကြရပါတယ်။

ကျွန်မရဲ့ အမ်းမြို့နယ်အတွင်း ဒလက်ချောင်းကျေးရွာအုပ်စုများမှ ပြည်သူများဟာ စားနပ်ရိက္ခာပြတ်လပ်သည့် အခြေအနေကို ရောက်ရှိနေပြီဆိုပြီး ကျွန်မကို ငိုယိုဖုန်းဆက်ပြီးပြောသည့် အခြေအနေတောင်ရှိခဲ့ပါတယ်။ ယခုအချိန်မှာဆိုလို့ရှိရင် မိုးရာသီဖြစ်သည့်အတွက်ကြောင့်မို့လို့ ဒီတိုက်ပွဲရှောင်ပြည်သူတွေဟာ အလွန်ကြီးမားတဲ့ စိန်ခေါ်မှုတွေနှင့်ရင်ဆိုင်နေရတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တိုက်ပွဲရှောင်ပြည်သူအပေါင်းအတွက် မြို့ပေါ်မှာနေရာ နှစ်နေရာကို သတ်မှတ်ထားရှိပါတယ်။ အဲဒီမှာ ဒုက္ခသည်ဦးရေပေါင်း(၅၀၀၀)ကျော်ခန့်ရှိပြီး အထူးသဖြင့် သူတို့မှာ အခြေခံစားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများ အင်မတန်မှခက်ခဲသည့် အခြေအနေဖြစ်သည့်အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို ကျွန်မ မေးရတာ ဖြစ်ပါတယ်။ လွှတ်တော်နားသည့်ရက်တွေမှာလည်း ကျွန်မ၏ မဲဆန္ဒနယ်ဖြစ်သည့် အမ်းမြို့နယ်သို့သွားပြီး တိုက်ပွဲရှောင်ပြည်သူ လူဦးရေ(၆၀၀)ကျော် ကြပ်တည်းစွာနေထိုင်ကြရသော အမှတ်(၁) ပဲပဒုံတိုက်ပွဲရှောင်စခန်းနှင့် မြို့ပေါ်ရပ်ကွက်တွေကို လေ့လာခဲ့ပါတယ်။ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေဟာ ကျန်းမာရေးအခြေအနေ စိုးရိမ်ကြရကြောင်း တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် သူတို့တွေက အခြေခံစားသောက်မှုနှင့်ပတ်သက်ပြီး အာဟာရရှိနိုင်သည့် အခြေအနေမှာလုံးဝမရှိဘူး။ ဒါ့အပြင် ကျောင်းသူ၊ ကျောင်းသားများဟာဆိုရင် အမှတ်(၁) ပဲပဒုံတိုက်ပွဲရှောင်စခန်းများမှာ လူဦးရေ(၂၄၇)ဦးနှင့် အားကစားခန်းမမှာဆိုလို့ရှိရင် (၄၀၀)ကျော်အထိရှိနေကြပါတယ်။ ပြည်သူနဲ့တွေ့ဆုံမှုဖြစ်ပါတယ်။ ဒါမြို့ပေါ်နီးစပ်ရာမှာ သူတို့စုပေါင်းငှားနေကြသည့် အခြေအနေ၊ အကူအညီတောင်းပြီးနေကြသည့် အခြေအနေဖြစ်ပါတယ်။

ဒါဆိုလို့ရှိရင် ချင်းလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုအဖွဲ့မှ နေရာထိုင်ခင်းပေးထားသည့် အခြေအနေဖြစ်ပါတယ်။ ဒီမှာ ကလေးသူငယ်တွေ မြေကြီးပေါ်မှာအိပ်ရတဲ့ အခြေအနေက အင်မတန်မှ ကျန်းမာရေးအတွက် ထိခိုက်ဖွယ်ဖြစ်ပါတယ်။ ဒါ စားသောက်ရသည့် အခြေအနေနှင့် နေရာထိုင်ခင်း အခြေအနေပါ။ အမှတ်(၁) ပဲပဒုံတိုက်ပွဲရှောင် စခန်းမှာဆိုလို့ရှိရင် ဘယ်လောက်ထိခက်ခဲတယ် ဆိုတာ သိနိုင်ပါတယ်။ ဒီမိသားစုတွေကို လေ့လာကြည့်လိုက်လို့ရှိရင် ကျွန်မတို့ တစ်မိသားစု သွားတွေ့တယ်။ နောက်တစ်မိသားစု သွားတွေ့တယ်။ ဆားမှအပ သူတို့မှာ အခြေခံစားသောက်ကုန် လုံးဝ မရှိတာကို တွေ့ရှိခဲ့ရပါတယ်။ သောက်ရေသန့်နှင့်ပတ်သက်ပြီးတော့လည်း ရေသန့်ရရှိမှုဟာ အင်မတန်မှခက်ခဲ သည့်အခြေအနေရှိပါတယ်။ သက်ကြီးရွယ်အိုတွေဟာ ဒီလိုမျိုး၊ ဒီလောက်အေးသည့် အမ်းမြို့နယ်မှာ အကာမရှိဘဲနေရတဲ့အပေါ် ကျွန်မတို့ မိဘသာဖြစ်မယ်ဆိုလို့ရှိရင် ဘယ်လိုခံစားရမလဲဆိုတာဟာ ဒီပုံတွေက သက်သေပြလျက်ရှိပါတယ်။ ကလေးသူငယ်တွေဆိုလို့ရှိရင်လည်း သူတို့ ဘယ်မှသွားလို့ ရသည့်အခြေအနေ မရှိပါဘူး။ စုပြုံပြီး နေကြရတယ်။ အခုထက်ထိ နေရာထိုင်ခင်းကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေကြတယ်။ မိုးရာသီမှာ ရေတွေနှင့် ဒါ ဒီမနက်ကမှရတဲ့ပုံတွေဖြစ်ပါတယ်။ ဆက်ပြီးတော့ ပြပေးပါ။ ဒီလိုမျိုးအင်မတန်မှ ဆိုးရွားသည့်အခြေအနေကို ကျွန်မတို့ ဌာနေတိုင်းရင်းသားတွေ ရင်ဆိုင် နေကြရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံ၏ ဌာနေတိုင်းရင်းသားတွေရဲ့ ဘဝဟာ နိုင်ငံကို အုပ်ချုပ်သည့်သူများ ဘဝနှင့်မိုးနဲ့မြေလို ကွာခြားတယ်ဆိုတာ ကျွန်မရဲ့ဓာတ်ပုံများက သက်သေပြလျက်ရှိပါတယ်။ ဘာအပြစ်မှမရှိသည့် တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာအခက်အခဲ၊ နေထိုင်ရေးအခက်အခဲများ တွေ့ကြုံနေရတာကြောင့် ဖော်ပြပါမေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တိုက်ပွဲရှောင်စခန်းတွင် မနေကြရဘဲ ဆွေမျိုးများအိမ်တွင် ခိုလှုံနေကြရသည့် အခြေအနေ ပြပုံ (မ)



တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာ မလုံလောက်မှုအခြေအနေ ပြပုံ (မ-၁)



မိုးရာသီတိုင်အောင် တိုက်ပွဲရှောင်ပြည်သူများ အမိုးအကာများမရှိဘဲ နေထိုင်ရသည့်ပုံ (မ-၂)



**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၈။**

**ဦးစိုးအောင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့်တကွ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ၏ မေးခွန်းကို ပထမဦးစွာ ဖြေကြားမှာဖြစ်ပါတယ်။ ဦးမြင့်နိုင် ၏မေးခွန်းက ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် ခိုလှုံနေကြသည့် တိုက်ပွဲရှောင်ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးနှင့် ဒုက္ခသည်စခန်း

(IDPs Camp)များ အမြန်ဆုံးစီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဩဂုတ်လ ၁၅ ရက်နေ့စာရင်းများအရ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ ကျောက်တော်မြို့နယ်အတွင်း တင်ပြပါ စုရပ်စခန်း(၁၇)ခုမှာ တိုက်ပွဲရှောင်ပြည်သူ(၁၁၄၄၂)ဦးတို့ ခေတ္တနေထိုင်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများသည် ဘေးလွတ်ရာနေရာများ၊ ဘာသာရေးအဆောက်အအုံများ၊ ပညာရေးအဆောက်အအုံများစသည့် နေရာများတွင် ပြန့်ကျဲနေထိုင်လျက်ရှိရာ အဆိုပါ ယာယီတိုက်ပွဲရှောင်နေရာများအား စီမံခန့်ခွဲမှု အဆင်ပြေစေရေး၊ လိုအပ်ချက်များ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးနိုင်ရေး၊ မိုးရာသီကာလအတွင်း စနစ်တကျနှင့် လုံခြုံစွာနေထိုင်နိုင်ရေးတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ငွေကျပ်(၆၁၇.၅၀)သန်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေး၊ မီးဘေးကြိုတင်ကာကွယ်ရေးရန်ပုံငွေမှ ငွေကျပ် (၁၀၀၀)သန်း စုစုပေါင်း ငွေကျပ် (၁၆၁၇.၅၀)သန်းဖြင့် ၂၀၁၉ ခုနှစ်တွင် မြို့နယ်(၆)မြို့နယ်၌ တိုက်ပွဲရှောင် စခန်း(၇)ခုကို ဆောက်လုပ်ပေးလျက်ရှိရာ ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်တွေမှာ စခန်း(၁)ခုစီနှင့် ရသေ့တောင်မြို့နယ်တွင် စခန်း(၂)ခုတို့ကို တည်ဆောက်ခဲ့ပြီး ရသေ့တောင်မြို့နယ်၊ သောင်းဒရားစခန်းသည် နယ်မြေလုံခြုံရေးအခြေအနေအရ လုပ်ငန်းခေတ္တရပ်ဆိုင်းထားပြီး (၅၀)ရာခိုင်နှုန်းသာ ပြီးစီးခဲ့ပါတယ်။

ကျန်စခန်း(၆)ခုမှာ (၁၀၀)ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး တိုက်ပွဲရှောင်စခန်း(၆)ခုအနက် မိမိတို့ ဆန္ဒအလျောက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ထိ ပုဏ္ဏားကျွန်းမြို့နယ် တိုက်ပွဲရှောင်စခန်းတွင် အိမ်ထောင်စု(၂၂၃)စု၊ လူဦးရေ(၈၈၅)ဦး၊ ကျောက်တော်မြို့နယ် နေပူခံတိုက်ပွဲရှောင်စခန်းတွင် လူဦးရေ (၁၁၈၀)ဦး၊ ဘူးသီးတောင်မြို့နယ် တိုက်ပွဲရှောင်စခန်းတွင် အိမ်ထောင်စု(၈၂)စု၊ လူဦးရေ (၄၂၄)ဦး နေထိုင်လျက်ရှိရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှလည်း လူတစ်ဦးလျှင် တစ်ရက် ဆန် နှစ်ဗူးနှုန်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ရိက္ခာစိုနှင့် အမယ်စုံဝယ်ယူရန်အတွက်တစ်ဦးလျှင် တစ်ရက်ငွေကျပ်(၅၀၀)နှုန်း ထောက်ပံ့ပေးလျက်ရှိပြီး အခြားလိုအပ်ချက်များကိုလည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကျောက်တော်မြို့နယ်အတွင်း နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူများကို ဆန်၊ ရိက္ခာဖိုးငွေထောက်ပံ့ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ခြင်း၊ ဒဏ်ရာရ၊ သေဆုံးသူများ ထောက်ပံ့ခြင်းများဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှစပြီး ယခု ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အတွင်း ငွေကျပ်(၃၈၀)သန်းကျော် ထောက်ပံ့ပေးခဲ့ပါတယ်။ တိုက်ပွဲရှောင်ပြည်သူများအတွက် စခန်းများဆောက်လုပ်ရာတွင် စခန်း

တစ်ခုချင်း၌ (၂၀)ခန်းတွဲ တန်းလျား၊ စားဖိုဆောင်၊ လုံခြုံရေးတပ်ဖွဲ့အိပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့ရုံး၊ စခန်းစီမံခန့်ခွဲမှုကော်မတီရုံး၊ ကျန်းမာရေးဆေးပေးခန်းနှင့် နှစ်ခန်းတွဲသန့်စင်ခန်းတို့ ပါဝင်ပါတယ်။ စခန်းတစ်ခုချင်းစီအလိုက် လူဦးရေအချိုးအစားအပေါ်မူတည်ပြီး တန်းလျား၊ စားဖိုဆောင်၊ သန့်စင်ခန်းတို့ဟာ အရေအတွက် ပိုမိုကွာခြားသွားတာဖြစ်ပါတယ်။

တိုက်ပွဲရှောင်စခန်းများအနက် ကျောက်တော်မြို့နယ် နေပူခံတိုက်ပွဲရှောင်စခန်းတွင် တိုက်ပွဲရှောင်ပြည်သူများ ထပ်မံတိုးပွားလာသဖြင့် ထပ်မံဆောက်လုပ်ပေးရန်လိုအပ်သော လူနေအဆောက်အအုံတန်းလျား(၄)လုံးနှင့် အိမ်သာ(၁၆)လုံးအား ကျောက်တော်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ် (၁-က)၊ မြေဧရိယာ(၂.၆၃၄)ဧကပေါ်၌ ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အလှူရန်ပုံငွေမှ ခန့်မှန်းကုန်ကျငွေ ကျပ်(၈၈.၇၂၀)သန်းဖြင့် ဆောက်လုပ်နိုင်ရန်အတွက် တင်ဒါဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အာရှရွှေကျားကုမ္ပဏီအား လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုရွေးချယ်အပ်နှံခဲ့ပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုကာ ဆောင်ရွက်ခဲ့ပါတယ်။ ၁၇-၈-၂၀၂၀ ရက်နေ့အထိ လုပ်ငန်း၏ (၃၅)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ စက်တင်ဘာလ ကုန်လောက်တွင် လုပ်ငန်းများပြီးစီးမယ်လို့ သိရှိရပါတယ်။ ၎င်းအဆောက်အအုံတန်းလျား (၄)လုံး ဆောက်လုပ်ပြီးစီးပါက တိုက်ပွဲရှောင်ပြည်သူဦးရေ (၅၀၀)မှ (၆၀၀)ကြားထဲမှာ နေစရာနေရာ ချထားဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်တော်မြို့နယ်၊ မြို့သစ်ရပ်ကွက် နေပူခံတိုက်ပွဲရှောင်စခန်းတွင် ထပ်မံရောက်ရှိလာသော တိုက်ပွဲရှောင်မိသားစုများ နေထိုင်ရန်အတွက် လူနေတန်းလျားအဆောက်အအုံများနှင့် သန့်စင်ခန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာနှင့် နေထိုင်ရေးအခက်အခဲများ ကြုံတွေ့နေကြရခြင်းကြောင့် ၎င်းပြည်သူများအတွက် တိုက်ပွဲရှောင်စခန်းများတွင် အခြေခံစားနပ်ရိက္ခာနှင့် နေရာထိုင်ခင်းများ လုံလောက်စွာ စီစဉ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်တွင် ၁၅-၈-၂၀၂၀ ရက်နေ့ထိ ယာယီခိုလှုံရာစုရပ်များတွင် နေထိုင်သည့် အိမ်ထောင်စု(၄၃၅)စု၊ လူဦးရေ(၁၈၉၄)ဦးနှင့် ဆွေမျိုးများနေအိမ်တွင် နေထိုင်သည့် အိမ်ထောင်စု(၄၉၂)စု၊ လူဦးရေ(၂၂၂၉)ဦး စုစုပေါင်း အိမ်ထောင်စု (၉၂၇)စု၊ လူဦးရေ

(၄၁၂၃)ဦး နေထိုင်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းတွင် ပါဝင်သော အင်အားနှင့် အနည်းငယ်တော့ကွဲလွဲမှုရှိပါတယ်။ ကျွန်တော်တို့ဆီက အင်အားက အမှန်တကယ် ထောက်ပံ့ပေးနေသည့် အင်အားအပေါ်အခြေခံပြီး တင်ပြခြင်းဖြစ်ပါတယ်။ ထပ်မံ၍ အင်အားတိုးပွား စာရင်းတွေ ရရှိလာမယ်ဆိုလို့ရှိရင်လည်း ဆက်လက်ပြီး တိုးမြှင့်ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာများကို တစ်လလျှင်(၁)ကြိမ် ထောက်ပံ့ပေးလျက်ရှိရာ အမ်းမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအတွက် ၁၉-၁၂-၂၀၁၉ ရက်နေ့မှ ၁၀-၈-၂၀၂၀ ပြည့်နှစ်အထိ ထောက်ပံ့မှုမှာငွေကျပ်(၄၉၄၂)သိန်းခန့် ထောက်ပံ့ပေးခဲ့ပါတယ်။ ယခု ဩဂုတ်လစာရင်းအရ အမ်းမြို့နယ်အတွင်း တိုက်ပွဲရှောင်အိမ်ထောင်စု (၉၂၇)စု၊ လူဦးရေ(၄၁၂၃)ဦးရှိပြီး ဩဂုတ်လ ၁၀ ရက်နေ့ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ခရီးစဉ်မှာ အမ်းမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအတွက် မိုးတွင်းကာလ သွားလာရေးခက်ခဲနိုင်သဖြင့် ဆန်ရိက္ခာ(၃)လစာဖိုး ငွေကျပ်(၁၁၁၃.၂၁)သိန်း ထပ်မံ ထောက်ပံ့ပေးခဲ့ပါတယ်။ ဒီ ဆန်ရိက္ခာက ဩဂုတ်လလယ်မှ နိုဝင်ဘာလလယ်ခန့်ထိသာ စားသုံးနိုင်မှာဖြစ်ပါတယ်။ လိုအပ်ချက်များရှိပါကလည်း ထပ်မံထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

ထို့အတူ အမ်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် စုရပ်စခန်းများတွင် Covid-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက်လည်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အထောက်အကူ ပြုပစ္စည်းများထောက်ပံ့ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၎င်းတို့၏ကျန်းမာရေး အတွက် ဆပ်ပြာ၊ လက်ဆေးဘေစင်၊ Mask များ၊ Hand Gel ဘူးများ၊ ထုံးအိတ်များဖြန့်ဝေပေးခြင်း၊ သက်ဆိုင်ရာကျန်းမာရေးဌာနခွဲမှ တစ်ပတ်လျှင် (၂)ရက် ကွင်းဆင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက ဆေးရုံတက် ဆေးကုသမှုခံယူစေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၎င်းတို့၏ ကလေး ငယ်များပညာရေးအတွက် နီးစပ်ရာကျောင်းများမှာ ကျောင်းအပ်နှံနိုင်ရေးအတွက် ပညာရေး ဌာနနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအားဖြင့် နဝမတန်းနှင့် ဒသမတန်း ကျောင်းသား၊ ကျောင်းသူ (၈၁)ဦး ပညာသင်ကြားလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအနေနဲ့ Covid-19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (Covid-19 Economic Relief Plan-CERP)နှင့် ပတ်သက်၍လည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနှင့် ဘဏ္ဍာငွေ ခွဲဝေရရှိသဖြင့် ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ထောက်ပံ့မှုများအနက် အသက် (၈၀)နှစ်မှ (၈၄)နှစ်ကြား သက်ကြီးရွယ်အိုများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ထောက်ပံ့သည့်အစီအစဉ်၊ မသန်စွမ်းသူများအားထောက်ပံ့မှုနှင့် အနာကြီးရောဂါ ခံစားနေရသူများ ထောက်ပံ့မှုအစီအစဉ်များ၊ သောက်ရေ၊ သုံးရေ ရေရရှိရေးလုပ်ငန်းများ ဖြည့်ဆည်း

ဆောင်ရွက်ပေးခြင်း၊ မိုးရေသိုလှောင်ကန်အဖြစ် အသုံးပြုနိုင်ရန် ဖိုင်ဘာရေတိုင်ကီများ ထောက်ပံ့ပေးခြင်းအစီအစဉ်နှင့် နောက် ကျွန်တော်တို့ IDPs နှင့် တိုက်ပွဲရှောင်စခန်းများရှိ နေရပ်စွန့်ခွာသူများအား စားသောက်ကုန်များဝယ်ယူရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်(၄၀၀၀၀)နှုန်းဖြင့် ထောက်ပံ့ခြင်းအစီအစဉ်နှင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မူလတန်း ကျောင်းသူ၊ ကျောင်းသားများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ရန်အစီအစဉ်တို့ကို စီမံဆောင်ရွက်လျက်ရှိရာ ယခု အမ်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများလည်း ရရှိခံစားနိုင်မှာဖြစ်ပြီး ဆက်လက်ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

ဒီ ကျွန်တော်တို့ အိမ်ထောင်တစ်စုလျှင် ငွေကျပ်(၄၀၀၀၀)နှုန်း ထောက်ပံ့သည့် အစီအစဉ်ကဒီလအတွင်းနှင့် လမကုန်ခင်မှာ ထောက်ပံ့ပေးနိုင်ဖို့ ဘဏ္ဍာငွေများကို သက်ဆိုင်ရာ ပြည်နယ်နှင့်ခရိုင်ရုံးများကို DL(Drawing Limit)ဘဏ္ဍာငွေများ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့အမြန်ဆုံးစီစစ်ပြီး ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမ်းမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက်ကိုလည်း ပြည်နယ်အစိုးရမှ စီစဉ် ပေးသည့်နေရာတွင်နေထိုင်ရန်ဆန္ဒရှိသူ စာရင်းကောက်ယူခဲ့ရာ အိမ်ထောင်စု(၁၄၃)စု၊ လူဦးရေ (၆၄၂)ဦး ဆန္ဒပြုသဖြင့်အဆိုပါနေရာတွေမှာ နေထိုင်ဖို့အတွက် အမ်းမြို့နယ်မှ (၁)မိုင်ခန့်အကွာ အမ်း-မအီ ကားလမ်း၏အနောက်ဘက်ခြမ်း ကျားမောင်းကျေးရွာအဝင်လမ်းနံဘေးရှိ မြေဧရိယာ(၄)ကေပေါ်တွင် မိုးတွင်းကာလ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် (၂၀)ခန်းတွဲတန်းလျား(၈)ဆောင်၊ စားဖိုဆောင်၊ လုံခြုံရေးတပ်ဖွဲ့အိပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့ရုံး၊ စခန်းစီမံခန့်ခွဲမှု ကော်မတီရုံး၊ ကျန်းမာရေးဆေးပေးခန်း(၁)ခန်းနှင့် (၂)ခန်းတွဲသန့်စင်ခန်းများ(၃၂)လုံး ဆောက်လုပ် ပေးနိုင်ရေးအတွက် ခန့်မှန်းကုန်ကျငွေစုစုပေါင်းငွေကျပ်(၂၃၃.၅၄၀)သန်းအား ခွင့်ပြုချက် ရရှိ ထားပြီးဖြစ်သဖြင့် ပြည်နယ်အစိုးရနှင့် မိမိတို့ဝန်ကြီးဌာနတို့ ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ဆီမှ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့်လည်း လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အရ ထောက်ပံ့ပေးမှုရှိရာမှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးများကို ငွေကြေးထောက်ပံ့ပေးရေးအစီအစဉ်အရ အမ်းမြို့နယ်၊ ကစုကိုင်းကျေးရွာအုပ်စု၊ ဈေးတောင်ရပ်ကွက်မှ တိုက်ပွဲရှောင်စခန်း(၂)ခုဖြစ်သော မိုးလုံလေလုံတိုက်ပွဲရှောင်စခန်းနှင့် အမှတ်(၁)ပဲပဒုံတိုက်ပွဲရှောင်စခန်းမှ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၃၈)ဦးကိုလည်းကောင်း၊ ဒါးလက်ကျေးရွာအုပ်စုမှ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း(၂၈၂)ဦး၊ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူမှုရေးပင်စင် ထောက်ပံ့ရေးအစီအစဉ်အရ အမှတ်(၁)ပဲပဒုံတိုက်ပွဲရှောင်စခန်းမှ အကျိုးခံစားခွင့်ရှိသူ အဖိုးတစ်ဦးတို့ အပါအဝင် အမ်းမြို့နယ်ရှိ အကျိုးခံစားခွင့်ရှိသူများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိပါတယ်။

ဒ့ါအပြင် Covid–19 ကာလအတွင်းတစ်ကြိမ် ထောက်ပံ့မှုအနေဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငွေကြေးထောက်ပံ့ရေး အစီအစဉ်များတွင် ထပ်ဆောင်းထောက်ပံ့ခြင်းကို (Livelihoods and Food Security Fund–LIFT)အဖွဲ့နှင့် ပူးပေါင်း၍လိုအပ်သည့် အစာအာဟာရများနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တစ်ဦးလျှင် ငွေကျပ်(၃၀၀၀၀)နှုန်းဖြင့် တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများအပါအဝင် အမ်းမြို့နယ်အတွင်းရှိ MCCT အကျိုးခံစားခွင့်ရှိသူ(၅၃၀၃)ဦးအတွက် ထောက်ပံ့ကြေးငွေကျပ်(၁၅၉၀.၉)သိန်းအားလည်းကောင်း၊ လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ အဖိုး(၂၀၆)ဦး၊ အဖွား(၂၆၀)ဦး စုစုပေါင်း(၄၆၆)ဦးအတွက် ထောက်ပံ့ကြေးငွေ ကျပ်(၁၃၉.၈)သိန်းအားလည်းကောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လထဲမှာ ကျွန်တော်တို့ ထောက်ပံ့ပေးခဲ့ပါတယ်။

ယခု ကျွန်တော်တို့ ဩဂုတ်လ ၁၀ ရက်နေ့ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ခရီးစဉ်မှာ တိုက်ပွဲရှောင်စခန်းများရှိ ထိခိုက်လွယ်အုပ်စုများပါဝင်သည့် သက်ကြီးရွယ်အို (၆၈)ဦး၊ အသက်(၅)နှစ်အောက်ကလေးသူငယ် (၃၁၂)ဦး၊ မသန်စွမ်းသူ (၂၇)ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် (၂၃)ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်(၃၀၀၀၀)နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ်(၁၂၉)သိန်းတိတိနှင့် ယာယီစခန်း (၁)နှင့်(၂)တို့တွင် လိုအပ်သောသန့်စင်ခန်း (၁၆)လုံး တည်ဆောက်နိုင်ရေးအတွက်ကိုလည်း ကုန်ကျမယ့်ငွေကျပ်(၂၄)သိန်းတို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုက်ပွဲရှောင်ပြည်သူများအတွက် ယာယီနေရာချထားပေးနိုင်ရန် စီစဉ်ထားသည့် အမ်း–မင်းဘူး ကားလမ်းဘေးရှိ ရှုခင်းသာလျာထားမြေနေရာနှင့် ပြန်လည်နေရာချထားပေးမည့် ကျားမောင်းကျေးရွာအနီး လျာထားမြေနေရာတို့ကို ကွင်းဆင်းသွားရောက်ကြည့်ရှုကြကာ စနစ်တကျ အမြန်ဆုံးဆောင်ရွက်နိုင်ရေး ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးခွန်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများ၏ စားနပ်ရိက္ခာ အဆင်ပြေစေရေးအတွက် ဆန်ရိက္ခာများ၊ ငွေကြေးများ ထောက်ပံ့မှုအခြေအနေ၊ CERP အစီအစဉ်အရ ထောက်ပံ့ပေးမှုအခြေအနေ၊ တိုက်ပွဲရှောင်ပြည်သူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက် ထောက်ပံ့မည့်အစီအစဉ်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးလိုက်။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ကျွန်တော့်မေးခွန်းအပေါ် လာရောက်ဖြေကြားပေးသည့် ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ဆက်စပ်ပြီး သိချင်တာက ကျွန်တော်တို့မြို့နယ်မှာ ဒုက္ခသည်လူဦးရေက (၁၁၄၄၂)ဦး ရှိပါတယ်။ အဲဒီထဲမှာနေနေသည့်

အစိုးရကအသိအမှတ်ပြုထားတဲ့ ဒုက္ခသည်စခန်းက (၅)ခုပါ။ ကန်ဇောက်ဒုက္ခသည်စခန်း၊ တောင်မင်းကုလားဒုက္ခသည်စခန်း၊ ဝါးတောင်ဒုက္ခသည်စခန်း၊ ညောင်ချောင်းဒုက္ခသည်စခန်း၊ ယခု နေပူခံဒုက္ခသည်စခန်းပါ။ အဲဒီမှာ ဒုက္ခသည် အားလုံးပေါင်း လူဦးရေ(၅၀၀၀)လောက်ပဲ ဆုံပါတယ်။ ယခု နေပူခံဒုက္ခသည်စခန်းမှာ ပြည်နယ်အစိုးရဆောက်နေသည့် ဒုက္ခသည်စခန်း (၄)လုံး ရှိပါတယ်။ ယင်း(၄)လုံးမှာ ခုနက ဝန်ကြီးဖြေသည့်အထဲမှာ ပါ ပါတယ်။ လူဦးရေ(၅၀၀)ကျော် (၆၀၀)လောက်ပဲ ဆံ့ပါတယ်။ ကျွန်တော်တို့ မြို့ပေါ်ကော်မတီကဆောက်သည့် ဒုက္ခသည်စခန်းက (၂)ခုပါ။ အဲဒီမှာ လူဦးရေ(၂၀၀၀)ကျော်လောက် ဖြည့်ပြီးပါပြီ။ ကျန်တာက လူဦးရေအားလုံး (၄၀၀၀)ကျော်လောက် ကျန်ပါမယ်။ ခုနက ဝန်ကြီးဖြေသည့်အထဲမှာ လူဦးရေ(၄၀၀၀)ကျော်ကို မေးခွန်းထဲမှာ ပါ ပါတယ်။ ဘုန်းကြီးကျောင်းထဲမှာရော၊ ဓမ္မာရုံထဲမှာတွေရော ပြန့်ကျဲနေသည့် ဒုက္ခသည်တွေရှိပါတယ်။ အဲဒီ ဒုက္ခသည်တွေကို ဘယ်နေရာမှာရွှေ့မှာလဲ။ အဆောက်အအုံ ဘယ်လောက်ကိုဆောက်ပြီး နေရာက ဘယ်နားမှာ ရွှေ့မှာလဲဆိုတဲ့ဟာ ကျွန်တော်ထပ်ပြီးသိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးစိုးအောင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ယခု ထပ်မံပြီး လိုအပ်သည့်နေရာတွေအတွက်ကိုလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် နေရာချထားဖို့၊ နေရာချထားမည့်နေရာတွေနှင့် ပတ်သက်ပြီး နေထိုင်မည့် တိုက်ပွဲရှောင်ပြည်သူများ၏ ဆန္ဒခံယူပြီး နေရာရွေးချယ်ဆောင်ရွက်ပေးဖို့ ပြည်နယ်အစိုးရအဖွဲ့ကို လိုအပ်သည့်နေရာတွေကို ထပ်မံဆောက်လုပ်ပေးနိုင်ရေးအတွက်ကို ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၂။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီး ကျန်းမာကြပါစေ။ ကျွန်တော်က

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ယခုဆွေးနွေးမှာက ဆေးပစ္စည်းကိရိယာနှင့်ပတ်သက်ပြီး ဥပဒေကြမ်းပြင်ဆင်ချက် (၁၆)ချက်နှင့် အသစ်ဖြည့်စွက်ချက် (၂)ချက်၊ ပယ်ဖျက်ချက်(၂)ချက်ကို ကျွန်တော် အကျဉ်းချုံးပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။

အရင်ဦးဆုံး ကျွန်တော် ဥပဒေ ခေါင်းစဉ်ကို ပြင်ဆင်ရင်းနှင့် အခန်း(၁)ကိုလည်း အခန်း (၁)၏ခေါင်းစဉ်ကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဆေးပစ္စည်းကိရိယာဥပဒေကို ဆေးပစ္စည်းကိရိယာ ဆိုင်ရာဥပဒေဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဆေးပစ္စည်းကိရိယာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပစ္စည်း ကိရိယာတန်ဆာပလာအပြင်ကို ကျွန်တော်တို့ ဆေးပစ္စည်းကိရိယာနှင့် သက်ဆိုင်သော ဆိုင်ရာ ဆော့ဝဲတွေပါ ပါဝင်အကျုံးဝင်သည့်အတွက် ဆေးပစ္စည်း ကိရိယာဆိုင်ရာ ဥပဒေဆိုရင် ပိုပြီးပြည့်စုံမှု ရှိမှာဖြစ်သည့်အတွက် ဥပဒေခေါင်းစဉ်ကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

နံပါတ်(၁) ကျွန်တော်တို့ အခန်း(၁) ရဲ့ ခေါင်းစဉ်ကိုလည်း အမည်၊ အဓိပ္ပာယ်ဖော်ပြချက် ဆိုသည့်အခန်းမှာ ကျွန်တော် စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များဆိုပြီး ပြင်ဆင် လိုခြင်းဖြစ်ပါတယ်။ ဒါ ဘာဖြစ်လို့လဲဆိုရင် ဥပဒေအာဏာတည်ခြင်းပြဋ္ဌာန်းချက်ဟာ အခန်း(၁၇)၏ အထွေထွေပြဋ္ဌာန်းချက်မှာ ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ပြီး ပြဋ္ဌာန်းထားတာတွေ့ရ ပါတယ်။ ဒီ အာဏာတည်ခြင်း ပြဋ္ဌာန်းချက်ကို ပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)မှာ ပြဋ္ဌာန်းခြင်းအားဖြင့် ဥပဒေ အင်္ဂါရပ်နှင့်လည်း ပိုပြီးပြည့်စုံမှုရှိသည့်အတွက် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ နောက်ပုဒ်မ ၂(က) ဥပဒေကြမ်းမှာ သန္ဓေတားဆီးရန်ပြုလုပ်ခြင်း ဆိုသည့်စကားရပ်ကို ဥပဒေစကားရပ်ဖြစ်သည့် ပဋိသန္ဓေတားဆီးရန်ပြုလုပ်ခြင်းဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ သန္ဓေ ဆိုသည့် စကားရပ်က ဥပဒေစကားရပ် မဟုတ်ပါဘူး။

ဒါက ပုဒ်မ ၂(ဈ) ဖြစ်ပါတယ်။ ပုဒ်မ ၂(ဈ) မှ အနီရောင် Bold စာလုံးနှင့် ပြထားတာကို ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ဆေးပစ္စည်းကိရိယာထုတ်လုပ်ခြင်းဆိုသည်မှာ ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်းဆောင်တာများကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်ကြမ်းမှစတင်၍ ဆေးပစ္စည်းကိရိယာ ထုတ်လုပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့် သို့မဟုတ် အဆင့် တစ်ခုခုဆောင်ရွက်ခြင်း၊ တပ်ဆင်ခြင်း၊ ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်နှင့် အညွှန်းအမှတ်အသား ဖော်ပြခြင်းတို့အထိ ပါဝင်သည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၂(ဋ)ကို ထပ်မံဖြည့်စွက် လိုတာက ဖြန့်ဖြူးရောင်းချသူဆိုသည်မှာ ဆေးပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ကမ်းလှမ်းခြင်း၊ သဘောတူခြင်း၊ အားထုတ်ခြင်း၊ ခင်းကျင်းပြသထားခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းအတွက် ကုန်ပစ္စည်း၏ မူလပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်က သတ်မှတ် ခွင့်ပြုထားခြင်း ခံရသူကိုဆိုသည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒါက ပုဒ်မ ၂(ဃ)(ဏ)၊ ပုဒ်မ ၃(ဂ)၊

ပုဒ်မ ၅(ခ)၊ ပုဒ်မ ၂၁၊ ပုဒ်မ ၄၂(က)၊ ပုဒ်မ ၄၃(က)တို့မှာပါရှိသည့် ရေးထုံးတစ်ခု ဖြစ်ပါတယ်။ ဒီရေးထုံးက ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ဆိုသည့် ရေးထုံး ဖြစ်ပါတယ်။ ဒီရေးထုံးက (၂/၉၂) အမျိုးသားဆေးဝါးဥပဒေမှာ တောက်လျှောက်ပါဝင်ပါတယ်။ သို့သော် ယခု နောက်ပိုင်း ဥပဒေမှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် တိရစ္ဆာန်ကျန်းမာရေး၊ မွေးမြူရေးဆိုင်ရာဖွံ့ဖြိုးရေးဥပဒေမှာ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်သွင်းခြင်းဆိုသည် လို့ ဆိုတဲ့ ဝိဘတ်ဟာ ဆိုက်ရောက်ရာပြ ဝိဘတ် တစ်လုံးတည်း မှ ဆိုသည့် ထွက်ခွာရာပြ ဝိဘတ်နှစ်ခုကိုသုံးထားသည့် ရေးထုံးဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်က ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် ရေးထုံးကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ နောက် ပုဒ်မ ၂(န) ဖြစ်ပါတယ်။ ပုဒ်မ ၂(န)က သန္ဓေသား ဆိုသည့် စကားရပ်ကို ကျွန်တော့်အနေဖြင့် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ သန္ဓေသား ဆိုတဲ့ စကားရပ်ဟာ ပါဠိသတ်ဝေါဟာရမှာ သန္ဓေသားဟု သုံးလေ့မရှိပါဘူး။ သန္ဓေ ကို သား နှင့် တွဲလေ့ မရှိပါဘူး။ ကျွန်တော်တို့ သန္ဓေ ကောင်းမကောင်း ဆိုသည့် စတင်သန္ဓေတည်ခြင်း သန္ဓေသားလို့ သုံးခြင်းအားဖြင့် ဝိဟာရတွေ ကွဲပြားနိုင်ပါတယ်။ ရာဇသတ်ကြီးပြဋ္ဌာန်းချက်မှာပါရှိသည့် လှုပ်ရှားသော ကိုယ်ဝန်ရှိ အမိဝမ်းတွင်းကလေးကို ထိခိုက်နာကျင်စေခြင်း သို့မဟုတ် အသက်ဆုံးရှုံးစေခြင်း သို့မဟုတ် မူမမှန်ချွတ်ယွင်းမှုဖြစ်ပေါ်စေခြင်း ဆိုသည့် စကားရပ်ဟာ ပိုမိုပြီးသင့်တော်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၂(ပ)မှာ အာဏာပိုင်အဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဆိုသည့် ဟိုဘက်က **Bold** ထားသောစာလုံးကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။ အာဏာပိုင်အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ဆေးပစ္စည်းကိရိယာဆိုင်ရာ အာဏာပိုင်အဖွဲ့ကိုဆိုသည် ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည့် စကားရပ် မလိုအပ်တော့ပါဘူး။ ဒါ ကျွန်တော်တို့ ပုဒ်မ ၄ (က) အာဏာပိုင်အဖွဲ့ ဖွဲ့စည်းသည့်အခါမှာ ဒုတိယဝန်ကြီးကို ပုဒ်မ ၄(က)မှာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထည့်လိုခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၄(ခ)မှာ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးကို ထည့်သွင်းဖွဲ့စည်းရမည် ဆိုသည့် စကားရပ်ကို ကျွန်တော်က ဒုတိယဥက္ကဋ္ဌကို ပုဒ်မ ၄(က)မှာ တိုက်ရိုက်ဖွဲ့စည်းခြင်းအားဖြင့် ပုဒ်မ ၄(ခ) ဒုတိယဥက္ကဋ္ဌ ဖွဲ့စည်းခြင်းကို ပယ်ဖျက်လို့ရပါပြီ။ ပုဒ်မ ၄(ခ)မှာ အတွင်းရေးမှူးလိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူ တစ်ဦးကို တွဲဖက်အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

ဒါက ပုဒ်မ ၃၄ (ခ)၊ ပုဒ်မ ၃၄(ဂ)၊ ပုဒ်မ ၃၅ မှာ ပါရှိသည့် ယာယီပိတ်သိမ်းခြင်း ဆိုသည့် စကားရပ်ကို ခေတ္တရပ်သိမ်းခြင်းလို့ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ စကားရပ်တွဲထားတာ အဆင်မပြေပါဘူး။ ယာယီနှင့် ခေတ္တက အဓိပ္ပာယ်ချင်းလည်း မတူပါဘူး။ ခေတ္တရပ်သိမ်းခြင်းဆိုသည့် စကားရပ်က ပိုမိုသင့်လျော်မှုရှိပါတယ်။ ပုဒ်မ ၇(က)မှာ လုပ်ငန်းများကို ဆိုသည့်စကားရပ်အစား

လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မ ၁၇၊ ပုဒ်မ ၂၂(က) မှာပါသည့် အောက်ဆုံးမှာပါတဲ့ ကိုက်ညီမှု ရှိ/မရှိ စစ်ရမည်ဆိုသည့် ရှိ/မရှိ၏ကြားမှာ ပုဒ်ရပ် ခံထားသည့်ဟာကို ပုဒ်ရပ်ကို ပယ်ဖျက် ရမှာဖြစ်ပါတယ်။ ရှိ/မရှိတို့၊ သင့်/မသင့်တို့ ကျွန်တော် အမြဲတမ်းဆွေးနွေးပါတယ်။ ပုဒ်ရပ်တွေ ခံရမယ့်ဟာတွေ မဟုတ်ပါဘူး။ နောက်က ပုဒ်မ ၁၄ က ဆေးပစ္စည်းကိရိယာထုတ်လုပ်သူ မူလပိုင်ရှင် သို့မဟုတ် ...............။

**အချိန်၊ ၁၀:၅၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၉။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်း၏ အခန်း(၁)၊ ပုဒ်မ ၂(ပ)ကို ဥပဒေကြမ်းကော်မတီမှ အပိုဒ်ခွဲ(န) ဖြင့် ပြင်ဆင်ထားပါတယ်။ အဲဒါက အန္တရာယ်ဖြစ်စေနိုင်သည့်ထိခိုက်မှု Serious Adverse Event ဆိုသည်မှာ ဆေးပစ္စည်းကိရိယာတစ်ခုကို သုံးစွဲရန် ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း အသုံးပြုစဉ်တွင် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ခြင်း သို့မဟုတ် လူနာနှင့် အသုံးပြုသူတို့၏ ကျန်းမာရေးကို ဆိုးဝါးစွာထိခိုက်စေနိုင်သည့် အခြေအနေများကို ဆိုသည်ဟု ပြင်ထားပါတယ်။ ကျွန်မအနေဖြင့် မူလအဆိုပြုပြဋ္ဌာန်းချက် ၂(ပ) အတိုင်းပြင်းထန်သော ဆိုးကျိုးဖြစ်ရပ် Serious Adverse Event ဆိုသည်မှာ ဆေးပစ္စည်းတစ်ခုကို သုံးစွဲရန်ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်းအသုံးပြုစဉ်တွင် အသက်ဆုံးရှုံးစေနိုင်ခြင်း သို့မဟုတ် လူနာနှင့် အသုံးပြုသူတို့၏ ကျန်းမာရေးကို ဆိုးဝါးစွာထိခိုက်စေနိုင်သည့် အောက်ပါအခြေအနေများကို ဆိုသည်ဟုပဲထားစေချင်ပါတယ်။ ဒီနေရာမှာ Serious Adverse Event ကို ပြင်းထန်သောဆိုးကျိုးဖြစ်ရပ်ဟုသာ ဘာသာပြန်စေလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် Serious Adverse Event က အန္တရာယ်ဖြစ်စေနိုင်သည့် ထိခိုက်မှုမဟုတ်ပါဘူး။ သူက ပြင်းထန်သောဆိုးကျိုး ဖြစ်ရပ်သာလျှင်ဖြစ်သည့်အတွက် ပြင်းထန်သောဆိုးကျိုးဖြစ်ရပ်ကို ဆိုသည်ဟူသောစကားရပ်က ပို၍သင့်လျော်ပါတယ်။ အသုံးပြုသည့် ကိရိယာကြောင့် အန္တရာယ်ဖြစ်သွားသည် မဟုတ်ဘဲ အသုံးပြုလိုက်သည့်အတွက် မမျှော်လင့်ဘဲ ပြင်းထန်သောဆိုးကျိုး ရရှိခြင်းသာဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် အသက်အန္တရာယ်ကို ထိခိုက်စေခြင်းဆိုသော စကားရပ်မှာ အသက်ဆုံးရှုံးစေနိုင်ခြင်းနှင့် အဓိပ္ပာယ်မတူပါဘူး။ သေဆုံးစေနိုင်ခြင်း စကားရပ် သုံးမှသာ တကယ်သေသွားလျှင် အပြစ်မဖြစ်မှာဖြစ်ပါတယ်။ အသက်အန္တရာယ်ကိုထိခိုက်စေပြီး အသက်သေဆုံးခြင်း မဟုတ်၍

မူလပြဋ္ဌာန်းချက်မှာပါသည့်အတိုင်း တိကျစွာ အသက်ဆုံးရှုံးစေနိုင်ခြင်းဆိုသော စကားရပ်ကို အသုံးပြုသင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဗိုလ်ကြီးဒေါ်သဇင်လှိုင် (တပ်မတော်သားကိုယ်စားလှယ်)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်မက တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင် ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ဆေးပစ္စည်းကိရိယာဥပဒေကြမ်းမှာပါသည့် ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)တို့ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၏ မူလပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ဖို့တင်ပြထားတာကတော့ Slide မှာဖော်ပြထားသည့်အတိုင်း ဖြစ်ပါတယ်။ ကျွန်မအနေနှင့် ပုဒ်မ ၄(က)ကို ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ နိုင်ငံသားကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်းအဖွဲ့ဝင်(၁၅)ဦးထက်မပိုသည့် အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်လိုပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် နိုင်ငံသားဆိုသည်မှာ အခွင့်အရေးနှင့် တာဝန်တွေကို ပိုင်ဆိုင်သယ်ပိုးထားသည့် နိုင်ငံရေးအသိုက်အဝန်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဒ့ါအပြင် ဒီပုဒ်မဟာ အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သက်ဆိုင်ခြင်းနှင့် သက်ဆိုင်သည့် ပုဒ်မဖြစ်တဲ့အတွက် နိုင်ငံသားကျွမ်းကျင်ပညာရှင်များဟု ဥပဒေမှာ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပေးလိုက်တာဟာ မိမိနိုင်ငံမှ နိုင်ငံသားကျွမ်းကျင်ပညာရှင်တွေကို အာဏာပိုင်အဖွဲ့တွင် တာဝန်ပေးအပ်လိုက်သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုပြီး ထိထိရောက်ရောက် ကာကွယ်နိုင်မှာဖြစ်လို့ ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး ပုဒ်မ ၆ ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၆ ရဲ့ မူလပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ဖို့ တင်ပြထားတာ Slide မှာ ဖော်ပြထားသည့် အတိုင်း ဖြစ်ပါတယ်။ ကျွန်မအနေနှင့် အာဏာပိုင်အဖွဲ့သည် မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်ဟု ပြင်ဆင်လိုပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ဥပဒေ ပုဒ်မ ၅ တွင် အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန် (၈)ချက်ကို ပြဋ္ဌာန်းထားတာတွေ့ရမှာ ဖြစ်ပါတယ်။ များပြားလှသော လုပ်ငန်းတာဝန် အားလုံးကို အဖွဲ့အစည်းတစ်ရပ်ရပ် ဒါမှမဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို လွှဲအပ်လိုက်လျှင် ဗဟိုဦးစီးစနစ်ကို ဦးတည်သွားနိုင်သလို တာဝန်ယူမှု၊ တာဝန်ခံမှုတွေ အားနည်းလာနိုင်သည့်အတွက် အာဏာပိုင်အဖွဲ့ အနေနဲ့ မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ် ဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ဒီပုဒ်မဟာ ပုဒ်မ ၄ နှင့် ဆက်စပ်နေ သည့်အတွက် ပုဒ်မ ၄ မှာ နိုင်ငံခြားသား ပုဂ္ဂိုလ်တစ်ဦးဦးကိုသာ တာဝန်ပေးအပ်လိုက်မည်ဆိုရင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်တဲ့အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

ဆက်လက်ဆွေးနွေးလိုတာက ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ဖို့တင်ပြထားတာ Silde မှာ ဖော်ပြထားသည့် အတိုင်း ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် သဘာဝဘေးအန္တရာယ် သို့မဟုတ် အရေးပေါ် ပြည်သူ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ သို့မဟုတ် ဝန်ကြီးဌာနနှင့် သဘောတူညီချက်ရယူထားသော သင်ကြားကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်လာပါက နိုင်ငံအတွင်း မှတ်ပုံတင်ထားခြင်းမရှိသော်လည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့အသိအမှတ်ပြု သို့မဟုတ် အမျိုးသားစံချိန်၊ စံညွှန်းကောင်စီမှ သတ်မှတ်ထားသော ဆေးပစ္စည်း ကိရိယာကို ပြည်တွင်း၌အသုံးပြုရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ယာယီအသုံးပြုခွင့်ကို ကာလသတ်မှတ်၍ အသုံးပြုနိုင်သည်ဟု ပြင်ဆင်လိုပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် အာဆီယံဆေးပစ္စည်းကိရိယာဆိုင်ရာ သဘော တူညီချက် အပိုဒ် ၃ မှာ ဆေးပစ္စည်းကိရိယာတွေ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် စွမ်းဆောင်နိုင်မှု ဆိုင်ရာ အခြေခံမူများကို ထည့်သွင်းထားသည့်အတွက်ကြောင့် မြန်မာနိုင်ငံအနေနှင့်လည်း ဘယ်လို ရည်ရွယ်ချက်နဲ့ပဲဖြစ်ဖြစ် အသုံးပြုမည့် ဆေးပစ္စည်းကိရိယာတွေဟာ လူနာနှင့်အသုံးပြုသူတွေ အတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ဥပဒေရဲ့ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)ကနေ ပုဒ်မခွဲ(င)အထိ ရည်ရွယ်ချက်(၅)ချက်လုံးကိုလည်း အကောင်အထည်ဖော်ရာ မရောက်ဘဲ သွေဖည်နေသည့်အတွက် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဆေးပစ္စည်းကိရိယာတွေထဲမှ နှလုံးခုန်စက်နှင့် အရိုး၊ အဆစ်အစားထိုး ပစ္စည်းများ ထည့်သွင်းကုသရာမှဖြစ်ပေါ်ခဲ့သည့် ဆိုးကျိုးဖြစ်ရပ်တွေကို အဓိကထားပြီး စမ်းသပ်ထား သည့် အချက်အလက်တွေကို တင်ပြရမယ်ဆိုရင် The Guardian Report အရ UK နိုင်ငံတစ်ခု တည်းမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း စက်ပစ္စည်းကိရိယာအသုံးပြုရာမှ ဆိုးကျိုးဖြစ်ရပ် ဖြစ်ပေါ်မှု (၆၂၀၀၀)ရှိခဲ့ပြီး သေဆုံးသူ လူနာ(၁၀၀၄)ဦးရှိကြောင်း သိရှိရပါတယ်။ ဒ့ါအပြင် US FDA ၏မှတ်တမ်းမှာလည်း လွန်ခဲ့သည့်(၁၀)နှစ်အတွင်း ဆိုးကျိုးဖြစ်ရပ်ဖြစ်ပေါ်မှု(၅.၄)သန်းရှိခဲ့ပြီး (၁.၇)

သန်းဟာ ဘေးအန္တရာယ်ရှိသည့် ဆေးပစ္စည်းကိရိယာတွေကို အသုံးပြုခဲ့တဲ့အတွက်ကြောင့်ဖြစ်ပြီး သေဆုံးသူ(၈၃၀၀၀)ဦးနှုန်းရှိခဲ့တာကို Global Investigations အရ သိရှိရပါတယ်။ ဒီလိုဆိုးကျိုးဖြစ်ပေါ်မှုတွေ ရှိခဲ့ဖူးသည့်အတွက်ကြောင့် ဆေးပစ္စည်းကိရိယာတွေ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ စွမ်းဆောင်နိုင်မှုနှင့် အရည်အသွေးအာမခံနိုင်မှုတွေဟာ အရေးကြီးကြောင်း သတိပြုရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် လူနာနှင့် အသုံးပြုသူတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ ပုဒ်မ ၁၉(က)ကို ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ အထက်ပါဆွေးနွေးချက်များအရ ဆေးပစ္စည်းကိရိယာဥပဒေကြမ်းမှာ ပါသည့် ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)နှင့် စပ်လျဉ်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်နှင့် အများပြည်သူလုံခြုံရေးအတွက် အစားထိုးပြင်ဆင်သင့်ကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၃၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့သော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့လာသော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွေး က ပြင်ဆင်ချက်အဆို တင်သွင်းလာခြင်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၄-၈-၂၀၂၀ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။

၎င်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအလိုက် ၇-၈-၂၀၂၀ ရက်နေ့ထက် နောက်မကျဘဲ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန်တင်သွင်းလာသည့် လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးကျော်ထွေး၏ နည်းဥပဒေ ၉၅(က) ပြင်ဆင်ချက်အဆိုကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် နည်းဥပဒေ ၉၅(က) သည် ဤနည်းဥပဒေများ၏ အစိတ်အပိုင်းဖြစ်သည်။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှု ဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၁။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်မက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မအနေနှင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာအပေါ်မှာ အပြုသဘောနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အစီရင်ခံစာ၏ အခြေခံရည်ရွယ်ချက်မှာ လွှတ်တော်၏ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများ တိုးတက်လာစေရန် ရည်ရွယ်ပြီး အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ စုံစမ်းလေ့လာမှုတစ်ခုဖြစ်လို့ ကြိုဆိုရမှာဖြစ်ပါတယ်။ ကင်ဆာရောဂါကုသမှုကို ကြည့်သည့်အခါမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တောင်ကြီးမြို့ရှိ ဆေးရုံကြီးများတွင်သာ ကုသနိုင်သည့်အတွက်ကြောင့် အားလုံးလက်လှမ်းမီသည့် ကင်ဆာရောဂါကုသရေးနှင့် အလှမ်းဝေးနေတယ်လို့ သိရပါတယ်။ အထူးသဖြင့် ကျေးရွာလူထု အတွက် ဆေးကုသရေးမှာ ခက်ခဲနေပြီး ကုသစရိတ်ကလည်း အင်မတန်များသည့်အတွက်ကြောင့် သိသိနဲ့ ဆေးမကုနိုင်ဘဲနှင့် အသက်ဆုံးရှုံးမှု များဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။

သို့ပါသောကြောင့် ရောဂါဖြစ်မှကုသခြင်းထက် မဖြစ်ခင်ကာကွယ်ရန်အရေးကြီးပါတယ်။ ကင်ဆာရောဂါ၏ (၃၀)ရာခိုင်နှုန်းမှာ ကာကွယ်လို့ရရှိပြီး ကင်ဆာရောဂါကို စောစီးစွာ ရှာဖွေတွေ့ရှိပါက

ပျောက်ကင်းအောင် ကုသလို့ရနိုင်ပါတယ်။ ဥပမာအားဖြင့် ခံတွင်းကင်ဆာကြောင့် သေဆုံးရသူဟာ ရောဂါရင့်မှ သိရသည့်အတွက် ကုသမှုနောက်ကျခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ရောဂါ အစပျိုးချိန်မှာ လက္ခဏာမပြဘဲနှင့် ကင်ဆာဆဲ(လ်)များအဆင့်တစ်ခုရောက်ရှိမှသာ လက္ခဏာပြတတ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများအား သွားနှင့်ခံတွင်းဆရာဝန်များနှင့် ပုံမှန်ပြသစစ်ဆေးဖို့ ပညာပေးရမှာ ဖြစ်ပါတယ်။ ခံတွင်းကင်ဆာဖြစ်စေသည့် ဆေးနှင့်ဆေးရွက်ကြီး၊ ကွမ်းယာ စသည်တို့ကို ဥပဒေနှင့် ထိန်းချုပ်ဖို့လည်း အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အစားအသောက်များ စိုက်ပျိုးထုတ်လုပ်ရာကနေ စားပွဲပေါ်ရောက်သည် အထိ လုပ်ငန်းစဉ်အဆင့်ဆင့်မှာလည်း ကင်ဆာဖြစ်စေနိုင်သည့် အန္တရာယ်တွေဖြစ်နိုင်ပါတယ်။ ဥပမာအားဖြင့် ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်း၊ ပိုးသတ်ဆေးတွေကို လိုအပ်တာထက်ပို ဖြန်းခြင်း၊ အသီးအနှံအစားအသောက်တွေကို ထုပ်ပိုးခြင်း၊ သန့်စင်ခြင်း၊ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း အဆင့်ဆင့်တိုင်းမှာ Quality Control ကို တာဝန်ရှိသည့်အဖွဲ့အစည်း၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန FDA စသည့် ဌာနများကနေပြီး သေချာကြပ်မတ်စစ်ဆေးပေးသင့်ပါတယ်။ ကော်မတီအနေဖြင့်လည်း ပြည်သူများ၏ ကျန်းမာရေးအရေးကြီးသည့်အတွက်ကြောင့် FDA ၏ လုပ်ဆောင်မှုများအပေါ်မှာ စုံစမ်းလေ့လာမှုများ ပြုလုပ်သင့်သည်ဟု အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လက်တွေ့ကြုံတွေ့နေရသည့် Covid – 19 ကပ်ရောဂါနှင့် ပတ်သက်ပြီး သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ ဝေဒနာအခံရှိသည့်လူများ၊ ဆေးလိပ်သောက်သုံးသူများ၊ ပန်းနာရင်ကြပ်ရှိသည့်သူတွေကဆိုလို့ရှိရင် Covid– 19 ကြောင့် သေဆုံးမှုများပြားကြောင်း တွေ့ရှိ ထားသည့်အတွက်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများဟာ ကူးစက်တတ် သည့်ရောဂါများ ကာကွယ်ရန်သာမက ယနေ့ကြုံတွေ့ရတဲ့ ကူးစက်မြန်သည့် Covid– 19 ရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ်ရန်မှာလည်း အရေးပါလှပါတယ်။ ကျန်းမာရေးနှင့် ညီညွတ်သည့်လူနေမှု ဘဝပုံစံ Healthy Lifestyle ကို လူတိုင်းခံယူကျင့်သုံးပါက ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွားမှု နှုန်းများ၊ ရောဂါကြောင့် သေဆုံးမှုနှုန်းများ လျော့နည်းကျဆင်းသွားမည်ဖြစ်သည်ဆိုတာကို ကော်မတီ အနေဖြင့် နှိုင်းယှဉ်စုံစမ်းလေ့လာမှုပြုလုပ်သင့်တယ်ဟု အကြံပြုလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁:၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၆။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မက ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ ကင်ဆာရောဂါနှင့်ပတ်သက်သည့် စုံစမ်းလေ့လာမှုအစီရင်ခံစာအပေါ်မှာ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကော်မတီ၏အစီရင်ခံစာအရဆိုလို့ရှိရင် ၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် စုစုပေါင်းသေဆုံးနှုန်း၏ (၄.၉)ရာခိုင်နှုန်းနှင့် ရောဂါဖြစ်ပွားမှု၏ (၂.၉) ရာခိုင်နှုန်းဟာ ကင်ဆာရောဂါနှင့်ဆက်စပ်နေကြောင်း သိရပါတယ်။

ဒီအပြင် ၂၀၁၈ ခုနှစ်မှာဆိုလို့ရှိရင် ကင်ဆာဝေဒနာရှင်ပေါင်း (၆၇၅၅၄)ဦးရှိကြောင်း သိရပြီး ကော်မတီ၏ အစီရင်ခံစာအရ ကျွန်မတို့နိုင်ငံမှာ တကယ်ပဲအန္တရာယ်များနေသည့် ကင်ဆာ ရောဂါနှင့်ပတ်သက်ပြီး ကာကွယ်ရေးနှင့်ကုသရေး ကင်ဆာရောဂါကုထုံးစိန်ခေါ်မှုများနှင့် ပတ်သက် ပြီးမှ အဲဒီအပြင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေး ဘက်စုံပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီးမှ စုံစမ်းတွေ့ရှိဖော်ပြသည့်အတွက်ကြောင့် ကျွန်မအနေနှင့် အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ အစီရင်ခံစာပါတွေ့ရှိချက်နှင့် သုံးသပ်ချက်၊ အကြံပြုချက်တွေဟာ လက်ရှိ အခြေအနေနှင့် အလွန်ကိုက်ညီနေတာမို့ သက်ဆိုင်ရာဝန်ကြီးဌာနများ အပါအဝင် သက်ဆိုင်သူ အားလုံးက လိုက်နာအကောင်အထည်ဖော်ဖို့လည်း တိုက်တွန်းလိုပါတယ်ရှင်။ အစီရင်ခံစာ၏နိဒါန်း အပိုင်းမှာ ကင်ဆာရောဂါကြောင့်သေဆုံးမှု၏ သုံးပုံတစ်ပုံဟာ လူသားတို့၏ပြုမူစွမ်းဆောင် ဆက်နွယ်တဲ့ အန္တရာယ်(၅)ခုဖြစ်သည့် အဝလွန်ခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစားသုံးမှုနည်းပါးခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း တို့ကြောင့်ဖြစ်သည်ဟု ဖော်ပြထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ဒီကိစ္စနှင့်ပတ်သက်ပြီး ဝင်ငွေနည်းပါးသည့်နိုင်ငံတွေကို ဘယ်လိုမျိုး လိုက်နာကျင့်သုံးရမလဲဆိုသည့် ဗျူဟာ(၃)ခုချထားပါတယ်။ ယင်းတို့မှာ ဆေးလိပ်၊ ဆေးရွက်ကြီး အခွန်နှုန်းတိုးမြှင့်သတ်မှတ်ခြင်း၊ လုပ်ငန်းခွင်၊ အများနှင့်သက်ဆိုင်သည့်နေရာတွေမှာ ဆေးလိပ်မသောက်ရ နေရာများသတ်မှတ်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ အခွန်တိုးမြှင့် သတ်မှတ်ခြင်း၊ ကလေးသူငယ်များအား အရက်ရောင်းချမှုကန့်သတ်ခြင်းနှင့် ကြော်ငြာပိတ်ပင်ခြင်း၊ နောက်တစ်ချက်က ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းနှင့် မသင့်လျော်သောအစားအစာများ၊ ကျန်းမာရေး အထောက်အကူပြု အစားအစာများစားသုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားမြှင့်တင်ခြင်း၊ ဆားသုံးစွဲမှုလျှော့ချခြင်း၊ ကျန်းမာရေးအတွက် အကျိုးပြုအဆီများ (Unsaturated Fat) ပိုမို သုံးစွဲခြင်းတို့ဖြစ်သည်ဟု တင်ပြထားပါတယ်။

အစီရင်ခံစာမှာဆိုလို့ရှိရင် အဓိကအခြားအချက်အလက်တွေကို ပြည့်စုံစွာဖော်ပြထားပေမယ့် Food Safety အစားအစာဘေးကင်းလုံခြုံစေရေးနှင့် ပတ်သက်ပြီးမှ အစီရင်ခံစာမှာ မတွေ့ရလို့ ကျွန်မအနေနှင့် အဲဒီအချက်ကို အပြုသဘောအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ရဲ့ အမျိုးသားလွှတ်တော်ကြီးမှာ သိပ်မကြာခင်က ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မြန်မာနိုင်ငံအတွင်းမှာရှိသည့် စိုက်ပျိုးရေး လုပ်ငန်းများ၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသည့် ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်း ဆိုင်ရာ လေ့လာမှုအစီရင်ခံစာ အခန်း(၃) ကျန်းမာရေး နှင့်ပတ်ဝန်းကျင်အပေါ် ဓာတုဆေးများ သက်ရောက်မှု မြန်မာနိုင်ငံ၏ လူ့သက်တမ်းဟာ အသက်(၆၀)ဝန်းကျင်သာရှိပြီး နာတာရှည်ရောဂါ များဖြစ်သည့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွေးချိုရောဂါနှင့် ကင်ဆာရောဂါဖြစ်ပွား မှုနှုန်းမြင့်တက်နေတယ်လို့ ဖော်ပြထားပါတယ်။

ပြဿနာရဲ့အကြောင်းအရင်းတွေက ပြည်သူလူထု၏နေထိုင်မှုပုံစံ Life Style နှင့် နေ့စဉ်စား သုံးနေသည့် စားသုံးကုန်စည်များ အရည်အသွေးမမီတာကြောင့် ဖြစ်တယ်လို့သိရှိရပါတယ်။ ဒါကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းဟာ စိုက်ပျိုးရေးလုပ်ကိုင်နေသည့် တောင်သူလယ်သမားများ၏ ဓာတု ဆေးဝါးများအပေါ် သိမြင်နိုင်မှုအားနည်းခြင်း၊ စားသုံးသူတွေအနေနှင့် ဘေးကင်းလုံခြုံစိတ်ချရသည့် အစားအစာများ သုံးစွဲနိုင်မှုအားနည်းခြင်း၊ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက် Data တွေမရှိခြင်း၊ သုတေသနတွေအားနည်းသည့်အပြင် သဘာဝပတ်ဝန်းကျင်၊ မြေဆီလွှာ၊ ရေအရင်းအမြစ်ပျက်စီးမှု၊ အကျိုးသက်ရောက်မှုတွေ၊ အစိုးရဌာနအပါအဝင် အဓိကသက်ဆိုင်သူများ၏ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်းနှင့် ဆက်စပ်နေသည်ဟု အစီရင်ခံစာ၏တင်ပြချက် တွေအရ ကျွန်မအနေနဲ့ သုံးသပ်မိပါတယ်။

ဒီအပြင် အစားအစာဘေးကင်းလုံခြုံမှုရှိဖို့အတွက်လည်း ကော်မတီအနေနှင့် နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီးမှ ပြုလုပ်မယ်ဆိုရင် ပိုမိုထိရောက်မည်လို့ အကြံပြုလိုပါတယ်။ မြန်မာ နိုင်ငံမှာ အစားအစာဘေးကင်းလုံခြုံမှုနှင့်ပတ်သက်လို့ အကောင်အထည်ဖော်မှုတွေဟာ အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ရင် အားနည်းနေကြောင်း သိရှိရပါတယ်။ အစားအစာဘေးကင်း လုံခြုံမှုနှင့်ပတ်သက်လို့ အဓိကလိုအပ်နေသည်မှာ ဘတ်ဂျက်လိုအပ်နေတာဖြစ်ပါတယ်။ အဲဒီအပြင် ဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ ဓာတ်ခွဲစစ်ဆေးဖို့လိုအပ်သည့် စက်ပစ္စည်း ကိရိယာနှင့် လူ့စွမ်းအားအရင်းအမြစ်များအားနည်းမှု၊ နောက်တစ်ခါ အဓိကပါဝင်ပတ်သက်နေသည့် Stakeholder များအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသည့်အပြင် အရေးကြီး တာက ကျွန်မတို့ တည်ဆဲဥပဒေကို လိုက်နာမှုအားနည်းနေသည့်အတွက် တည်ဆဲဥပဒေတစ်ခုနှင့် တစ်ခု ချိတ်ဆက်မှုတွေကို လေ့လာသုံးသပ်မှုအားနည်းလို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ လွှတ်တော်ကြီးအနေနဲ့ ဒီလိုမျိုးကင်ဆာရောဂါနှင့်ပတ်သက်၍ လက်ရှိတည်ဆဲဥပဒေ အားသာချက်၊ အားနည်းချက်တွေကို ဖော်ထုတ်ပြီးမှ နောက်ထပ် ထပ်မံလိုအပ်မည့် ဖြည့်စွက်ပြင်ဆင်ချက်တွေပေါ့နော်။ နောက်တစ်ခုက ဒီဥပဒေတစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုတွေကို လေ့လာသုံးသပ်ပြီးမှ လိုအပ်နေသည့်ဥပဒေတွေကို အကြံပြုတင်ပြ ရေးဆွဲနိုင်ဖို့ကိုလည်း ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ အဲဒီအပြင် တည်ဆဲဥပဒေကို လိုက်နာအကောင်အထည်ဖော်ဖို့ဆိုလို့ရှိရင် ဘေးကင်းလုံခြုံသည့်အစားအစာနှင့် နည်းဥပဒေ၊ ဥပဒေတွေကိုလိုက်နာဖို့လိုတယ်။ အဲဒီ့အပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွေကို ခရိုင်အဆင့်အထိထားပြီး စက်ပစ္စည်းကိရိယာအလုံအလောက်၊ တတ်ကျွမ်းနားလည်သူများကိုခန့်အပ်ပြီး လိုအပ်သည့်ငွေကြေးနှင့် ဗဟိုချုပ်ကိုင်မှုတွေ လျှော့ချဖို့လိုပါတယ်။ ဝန်ကြီးဌာနတွေ ပူးပေါင်းဆောင်ရွက်သည့်အခါမှာ စိုက်ပျိုးရေး၊ မွေးမြူကုသရေး၊ စားသုံးသူအသင်းများ နောက်တစ်ခါ စည်ပင်သာယာရေးကော်မတီများ၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများပေါင်းစပ်ပြီး လုပ်ဖို့လိုပါတယ်။ လွှတ်တော်တွေရဲ့ ဆက်စပ်ကော်မတီတွေကလည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပြီး ကော်မတီ၏အကြံပြုချက်တွေ ခုနတုန်းက ကျွန်မတင်ပြခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီမှ တင်ပြထားသည့် အစီရင်ခံစာတွေနှင့်ချိတ်ဆက်ပြီး လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းမှု အပိုင်းကို ပိုမိုအားကောင်းအောင် ဆောင်ရွက်မယ်ဆိုရင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းကို ကြိုတင်ကာကွယ်နိုင်မည်ဟု ဆွေးနွေးရင်းနှင့် နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၂။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်ကျန်းမာလို့ စိတ်ချမ်းသာကြပါစေကြောင်း ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ကျန်းမာရေးနှင့် အားကစား၊ ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာ၊ စာတမ်းနှင့်ပတ်သက်ပြီး ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ဖြစ်ဖြစ် အမျိုးသားလွှတ်တော်ကြီးအနေ

နဲ့ဖြစ်ဖြစ် လေးလေးစားစား ကော်မတီတစ်ခုလုံးကို ဂုဏ်ပြုအပ်ပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ၂၀၁၆ ခုနှစ် ကျွန်တော်တို့ လွှတ်တော်ကို ရောက်ခါစ လွှတ်တော်ကြီးက အစိုးရအဖွဲ့ကို Check & Balance လုပ်ဖို့ တာဝန်ရှိပြီး လွှတ်တော်အငယ်လေးတွေဖြစ်သည်ဟု တင်စားကြသည့် လွှတ်တော်ကော်မတီတွေကနေပြီး သူနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနကို Oversight ကြပ်မတ်ထိန်းကျောင်းသည့် တာဝန်ရှိတယ်လို့ သိနားလည်ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့လည်း လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းများ၊ အဆိုများနှင့် Check & Balance လုပ်နေကြသော်လည်း ယခုလို ကျန်းမာရေး၊ အားကစားကော်မတီကနေပြီး နိုင်ငံနှင့် ပြည်သူတွေအတွက် ဒီလို ထိရောက်သည့်စာတမ်းကို လေ့လာစုံစမ်းဖော်ထုတ်ပြီး Oversight လုပ်တာဟာ ကော်မတီတာဝန်ကို မှန်ကန်ထိရောက်စွာ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကော်မတီ အနည်းငယ်ထဲမှတစ်ခု ဖြစ်တဲ့အတွက်လည်း ယခုလို ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီစာတမ်းနှင့်ပတ်သက်ပြီး တိုက်တွန်းချက်(၃)ခု၊ အကြံပြုချက်(၂)ခုနှင့် တာဝန်(၃)ခုကို ဖော်ပြဆွေးနွေးချင်ပါတယ်။ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်များသည် မိမိတို့ကော်မတီနှင့်သက်ဆိုင်သည့် ကျန်းမာရေးဝန်ကြီးဌာနကို လေးနက်သည့်မေးခွန်းများနှင့် အဆက်မပြတ်မေးမြန်းပြီး တာဝန်ကျေပွန်ခဲ့ကြသလို အစီရင်ခံစာမှာပါသည့် အကြောင်းအရာနှင့် ပတ်သက်ပြီးလည်း တိုက်တွန်းချက်(၃)ခုကို တိုက်တွန်းချင်ပါတယ်။

နံပါတ်(၁) ကင်ဆာရောဂါဖြစ်ပွားမှု စာရင်းအချက်အလက်တွေကို တစ်နိုင်ငံလုံးအတွက် စာရင်းကောက်ယူခဲ့ရာကနေပြီး ဆက်လက်မကောက်ယူနိုင်သည့်ကိစ္စနှင့် ပတ်သက်ပြီး ဒါဟာ အလွန်အရေးကြီးပါတယ်။ စာရင်းဇယားတွေရှိမှသာလျှင် တွက်ချက်ခန့်မှန်းမှုတွေ၊ ထိန်းချုပ်မှုတွေ ပြုလုပ်နိုင်မှာဖြစ်သည့်အတွက် စာရင်းကောက်ယူမှုတွေ မဖြစ်မနေ ပြန်လည်လုပ်ဆောင်နိုင်အောင် တွန်းအားပေးဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ဒုတိယအချက်က ကင်ဆာရောဂါအတွက် လိုအပ်သည့် ဘတ်ဂျက်ကို အထောက်အကူဖြစ်စေမည့် ဆေးလိပ်၊ အရက်တွေကို နောက်ထပ်အပိုဆောင်းအခွန်များ ကောက်ယူနိုင်ရေးအတွက်လည်း နည်းလမ်းရှာကြံဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။ တတိယအချက်အနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ပစ္စည်းသောက်သုံးမှု၊ ထိန်းချုပ်မှုဥပဒေကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကိုလည်း ဖိအားပေးတိုက်တွန်းဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

ဖြည့်စွက်အကြံပြုချင်သည့် (၂)ချက်က ဆင်းရဲနွမ်းပါးပြီး ကုသဖို့ လက်လှမ်းမမီသည့် ကင်ဆာရောဂါသည် ကျွန်တော်တို့နိုင်ငံသားများအတွက် ပရဟိတ ကင်ဆာဖောင်ဒေးရှင်းများ၏ လိပ်စာ၊ ဖုန်းနံပါတ်တွေကို အလွယ်တကူရှာဖွေရရှိနိုင်ဖို့အတွက် နည်းမျိုးစုံနှင့် ကူညီပေးဖို့ လိုအပ်နေတာကိုလည်း ကျွန်တော် ကိုယ်တိုင်သိရှိရပါတယ်။ ဒုတိယအကြံပြုချင်တာက ကင်ဆာရောဂါ

သည်တွေ၏ မျှော်လင့်ချက်တွေကို တစ်နည်းနည်းနှင့် အားအင်ဖြစ်စေဖို့အတွက် ကမ္ဘာကြီးမှာ အောင်မြင်နေသည့် ကင်ဆာရောဂါ ကုထုံးသစ်တွေကိုလည်း ဘာသာပြန်ဆိုပြီး စာတမ်းမှာ ထည့်သွင်းဖော်ပြပေးစေချင်ပါတယ်။ နောက်ဆုံးအနေနှင့်ပြောချင်တာက ကျွန်တော်တို့အားလုံးဟာ ဒီစာတမ်းကိုဖတ်ရှုခြင်းအားဖြင့် တာဝန်(၃)ရပ် အရေးတကြီးရှိနေတယ်ဟု ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြချင်ပါတယ်။ ပထမတာဝန်က မြန်မာနိုင်ငံမှာ ကင်ဆာရောဂါဖြစ်ပွားနေသည့် လူအားလုံး၏ (၉၀)ရာခိုင်နှုန်းဟာ အဆုတ်ကင်ဆာဖြစ်နေသည့် လူတွေဖြစ်သည့်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီး ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို အသိပညာပေးတဲ့လုပ်ငန်းတွေ ဥပဒေစိုးမိုးရေးကိုတိုးမြှင့်ပြီး ဥပဒေသက်ရောက်မှုဖြစ်အောင် လုပ်ဆောင်ရန်အတွက် အလွန်အရေးကြီးပါတယ်။ ၎င်းသည် ကျွန်တော်တို့အားလုံး၏ နံပါတ်(၁)တာဝန်ဖြစ်ပါတယ်။ ဒုတိယတာဝန်မှာ ယခင်အစိုးရလက်ထက်တုန်းက ၂၀၁၀–၂၀၁၁ ခုနှစ် ကျန်းမာရေးဘတ်ဂျက်ကို အမေရိကန်ဒေါ်လာ (၉၄)သန်း သုံးစွဲခဲ့ပြီး ယခုအစိုးရလက်ထက် ၂၀၁၆–၂၀၁၇ ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ (၈၅၀) သန်းအထိ တိုးမြှင့်ပြီးသုံးစွဲသည့်တိုင်အောင် ကျွန်တော်တို့ နိုင်ငံသားတွေဟာ ကင်ဆာရောဂါကို ထိထိရောက်ရောက်ကုသဖို့ လက်လှမ်းမမီဘူးဆိုတာ တွေ့ရပါတယ်။ ဒီအပြင် ၂၀၁၈–၂၀၁၉ ခုနှစ် ကင်ဆာရောဂါ ဆေးဝါးတွေအတွက် တောင်းဆိုသည့်ငွေ ကျပ်(၉)ဘီလီယံအစား ငွေကျပ်(၃) ဘီလီယံသာ ကျွန်တော်တို့ ဘတ်ဂျက်ကချထားပေးနိုင်သည့်အတွက် လူနာတွေဟာ အခက်အခဲနှင့် ကြုံတွေ့နေရတယ်ဆိုတာသိရလို့ အင်မတန်မှကို စိတ်မကောင်းဖြစ်ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အားလုံး တိုင်းပြည်စီးပွားရေးတိုးတက်ဖို့အတွက် အားလုံး ဝိုင်းဝန်းပြီး ပိုမိုကြိုးပမ်းဖို့ လိုအပ်နေတယ်ဆိုတာကို တာဝန်တစ်ရပ်အနေနဲ့ သိရှိနိုင်မှာ ဖြစ်ပါတယ်။ နောက်ဆုံးတာဝန်အနေနဲ့ပြောချင်တာက ဒါတွေအားလုံး အကောင်အထည်ဖော်လာဖို့အတွက်ဆိုရင် ပြည်သူများ၏ ကျန်းမာရေးကို အလေးအနက်ထားသည့် အစိုးရကောင်းတစ်ရပ် ခိုင်ခိုင်မာမာ ပေါ်လာဖို့လည်း ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်ဆိုသည့်အကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်မက တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ ဖြစ်ပါတယ်။ ကျွန်မအနေဖြင့်

ကင်ဆာရောဂါနှင့်ပတ်သက်ပြီး စုံစမ်းလေ့လာမှုအစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရှင်။

WHO ၏ Cancer Country Profile 2020 စာရင်းအရ ကျွန်မတို့နိုင်ငံမှာ ၂၀၁၈ ခုနှစ်အတွင်းမှာ ကင်ဆာဖြစ်ပွားသူအရေအတွက်ဟာ (၆၉၅၅၄)ဦး ရှိခဲ့ပြီး သေဆုံးသူအရေအတွက်မှာ (၅၁၀၅၉)ဦးရှိတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဲဒီအထဲမှ အဖြစ်အများဆုံးကင်ဆာတွေက အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အသည်းကင်ဆာတွေပဲ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဒေတာတွေအရ မြန်မာနိုင်ငံမှာ တစ်နှစ်ကို သားအိမ်ခေါင်းကင်ဆာဖြစ်ပွားသူ (၆၄၇၂)ယောက်အထိ ရှိတာကိုလည်း တွေ့ရပါတယ်။ တစ်ကမ္ဘာလုံးမှာလည်း သားအိမ်ခေါင်းကင်ဆာကြောင့် (၂)မိနစ်တိုင်း အမျိုးသမီး တစ်ယောက်အသက်ဆုံးရှုံးနေတာကို တွေ့ရှိရပါတယ်။ တကယ်တော့ ကင်ဆာရောဂါဟာ ဖြစ်မှကုသတာထက် မဖြစ်ခင်ကတည်းက ကြိုတင်စစ်ဆေးမှုတွေ လုပ်နိုင်သည့်ရောဂါဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အရာတွေက ကင်ဆာရောဂါကိုဖြစ်စေနိုင်သလဲ။ ဘယ်လိုကာကွယ်မလဲ။ ဘယ်လိုကြပ်မတ်ထိန်းချုပ်မလဲ ဒါတွေက တကယ်အရေးကြီးလာပါတယ်။

အစီရင်ခံစာ၏ နိဒါန်း အပိုဒ် ၂ မှာ ဖော်ပြထားသည့် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်အလွန်အကျွံသောက်တာတွေအတွက် အခွန်တိုးမြှင့်သတ်မှတ်ဖို့ အကြံပြုထားတာကို တွေ့ရပါတယ်။ ဒီ့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ၂၀၀၆ ကို ပြဋ္ဌာန်းထားပေမယ့်လည်း လိုက်နာမှုအားနည်းခဲ့တာတွေ ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အခွန်နှုန်းထား တိုးမြှင့်ကောက်ခံထားတာတွေကို တွေ့ရပါတယ်။ တကယ်တမ်းကြည့်မယ်ဆိုရင် အခွန်တွေတိုးပြီးကောက်နေပေမယ့် နှစ်အလိုက်သိသိသာသာ ပြောင်းလဲသွားတာမျိုး မတွေ့ရပါဘူး။ အနာနှင့်ဆေး မတည့်သလိုမျိုးဖြစ်နေပါတယ်။ ကင်ဆာဖြစ်ပွားမှုနှုန်းကိုအမှန်တကယ်ကျဆင်းစေချင်တယ်ဆိုရင် ဒါတွေကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ဖို့က သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အဓိကတာဝန်ဖြစ်ပါတယ်။ သက်ဆိုင်ရာကော်မတီအနေနဲ့လည်း ဒီအချက်တွေကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြပေးဖို့ အကြံပြုလိုပါတယ်။ ဆက်လက်ပြီး အစီရင်ခံစာကို ခြုံကြည့်လိုက်မယ်ဆိုရင် အများဆုံးဖြစ်သည့် အဆုတ်ကင်ဆာကို အဓိက ဖော်ပြထားတာတွေ့ရပါတယ်။ အမျိုးသမီးတွေမှာလည်း အဖြစ်များသည့်ကင်ဆာထဲမှာ ပါဝင်သော သားအိမ်ခေါင်းကင်ဆာဟာလည်း ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆက်စပ်နေသည့် ကင်ဆာတစ်ခုပါ။ ဒီကင်ဆာဟာ အခြားကင်ဆာတွေနှင့် မတူဘဲ ကာကွယ်ဆေးထိုးပြီး ကာကွယ်နိုင်သလို ရောဂါမဖြစ်ခင်ကတည်းက ကြိုတင်စစ်ဆေးနိုင်သည့် ကင်ဆာအမျိုးအစားထဲမှာ ပါပါတယ်။

ဒါကြောင့် ထိရောက်သည့် ပညာပေးအစီအစဉ်တွေ Cancer Screening Programme တွေကို ဆောင်ရွက်ဖို့အတွက် အထူးလိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးကို National immunization Programme အနေနှင့် စတင်တော့မယ်လို့ သိရှိရပါတယ်။ ဒီနေရာမှာလည်း ထိရောက်သည့် ပညာပေးမှုအပိုင်းတွေ၊ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားသည့် ရာခိုင်နှုန်းတွေ၊ ကာကွယ်ဆေးကို လူထု၏ ဘယ်လောက် ရာခိုင်နှုန်းအထိ ကောက်လို့ရနိုင်မလဲ၊ ရေရှည်ဘယ်လောက်ထိ ဆောင်ရွက်နိုင်မလဲ စသည့်လေ့လာတွေ့ရှိချက်တွေကိုပါ ကော်မတီအနေဖြင့် အစီရင်ခံစာမှာ ဖော်ပြစေလိုပါတယ်။

ဆက်လက်ပြီး အစီရင်ခံစာ အပိုဒ် ၂၆ မှာ ဖော်ပြထားသည့် ကင်ဆာရောဂါကာကွယ် ကုသရေးအတွက် ဘတ်ဂျက်မလုံလောက်တာတွေ ဆေးဝါးဝယ်ယူဖို့ ၂၀၁၈-၂၀၁၉ မှာ ငွေကျပ် (၉)ဘီလီယံတောင်းခဲ့ပေမယ့် ငွေကျပ်(၃)ဘီလီယံသာ ရရှိခဲ့တာတွေ၊ ကမ္ဘာပေါ်မှာမကူးစက်နိုင်သည့် ရောဂါများဆိုင်ရာ ဘတ်ဂျက်ခွင့်ပြုသည့်နိုင်ငံ (၄၇)နိုင်ငံရှိသည့်အထဲမှ အာဆီယံဒေသအတွင်းမှာ (၈)နိုင်ငံပါရှိပါတယ်။ ကျွန်မတို့နိုင်ငံအနေနှင့် အဆိုပါ ဘတ်ဂျက်မရှိသေးတာတွေကို တွေ့ရပါတယ်။ ယခုလက်ရှိကုသနေသည့် ကင်ဆာရောဂါဝေဒနာရှင်များ၏ ကုန်ကျစရိတ်ကို တွက်ကြည့်လိုက်မယ် ဆိုရင် ပထမတစ်ကြိမ် ဆေးကုသမှုအတွက်ကို ငွေကျပ်(၃)သိန်းကနေ (၆)သိန်းအထိကုန်ကျမှာဖြစ်ပြီး ဒီလူနာဟာ အနည်းဆုံး(၆)လ ဆက်တိုက်ဆေးကုသမှုလိုအပ်တာဖြစ်လို့ ငွေကျပ်(၁၈)သိန်းမှ ငွေကျပ်(၃၆)သိန်းအထိ ကုန်ကျမှာဖြစ်ပါတယ်။ ခါတ်ရောင်ခြည် ကုသမှုစရိတ်အတွက်ဆိုရင်လည်း တစ်ကြိမ်ကို ငွေကျပ်တစ်သိန်းနှစ်သောင်းခွဲမှ ငွေကျပ် တစ်သိန်းရှစ်သောင်းအထိ ကုန်ကျမှာဖြစ်လို့ လူနာအတွက် အရမ်းဝန်ထုပ်ဝန်ပိုးဖြစ်ရပါတယ်။ ဒီကုန်ကျစရိတ်တွေဟာ အလယ်အလတ် လူတန်းစား များ၏ ဝင်ငွေနှင့် ကုသဖို့ခက်ခဲသည့် အခြေအနေတစ်ခုပါ။ ဒါကြောင့် ကင်ဆာရောဂါအတွက် လိုအပ်သည့် ဘတ်ဂျက်တွေကို ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ထားဖို့ အထူးလိုအပ်ပါတယ်။

အစီရင်ခံစာ အပိုဒ် ၄၄ အကြံပြုချက်တွေထဲမှ Linear Accelerator စက်တွေကို Upgrade လုပ်ဖို့လိုအပ်သည့် ဘတ်ဂျက်တွေ၊ စက်အသစ်တွေ အစားထိုးတပ်ဆင်ဖို့လိုအပ်သည့် ဘတ်ဂျက်တွေ၊ LA စက်တစ်ခု၏ လက်ရှိပျမ်းမျှတန်ဖိုးဟာလည်း ခန့်မှန်းခြေငွေကျပ် သိန်းသုံးသောင်း ရှိပြီး စက် ပစ္စည်း ထိန်းသိမ်းစရိတ်အတွက် လိုအပ်မည့်ဘတ်ဂျက်နှင့် ဒီဘတ်ဂျက်တွေကိုလည်း ရရှိထားသည့် ဘဏ္ဍာငွေများထဲမှ လျာထားဆောင်ရွက်ဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ အသုံးပြုပြီးသား စက်တွေကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာရှိသည့် ဆေးရုံတွေကို လွှဲပြောင်းပေးဖို့ အကြံပြုထားတာကိုလည်း တွေ့ရပါတယ်။ ဒီနေရာမှာ စက်တွေကို လွှဲပေးလိုက်ရုံနှင့် အဆင်မပြေ နိုင်ပါဘူး။ ခါတ်ရောင်ခြည်စက် အသုံးပြုတော့မယ်ဆိုရင် အခြေခံလိုအပ်ချက်ဖြစ်သည့် အဆောက် အအုံကအစ စနစ်တကျ တည်ဆောက်ရတာမျိုးပါ။ ရှိပြီးသား အခန်းမှာပဲထားပြီး သုံးလို့ရသည့် စက်မျိုးမဟုတ်ပါဘူး။ အဲဒါအတွက် အဆောက်အအုံ ကုန်ကျစရိတ် ခန့်မှန်းခြေငွေကျပ်သိန်း(၂၀၀၀)

ကနေ ငွေကျပ်သိန်း(၃၀၀၀)အကြားအထိ ရှိပါတယ်။ ဒါ့အပြင် Brachytherapy စက်အတွက် လိုအပ်သည့် ရေဒီယိုသတ္တိကြွပစ္စည်းတွေ ဒါတွေက (၅)နှစ်တစ်ကြိမ် Source အသစ်လဲရပါတယ်။ အဲဒီအတွက် ကုန်ကျစရိတ်အနေနှင့်ငွေကျပ်သိန်း(၂၀၀၀)ဝန်းကျင်ရှိပါတယ်။ ပြီးတော့ ရေဒီယိုသတ္တိကြွပစ္စည်းတွေကိုလည်း ပြန်လည်စွန့်ပစ်ဖို့ လိုအပ်တဲ့ကုန်ကျစရိတ် ဒါတွေကိုပါ ထည့်သွင်းစဉ်းစားထားရန် လိုအပ်ပါတယ်။

၂၀၁၈ ခုနှစ် စစ်တမ်းတွေအရဆိုရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာရှိသည့် ကင်ဆာရောဂါကုသမှုဌာနမှာ ပျမ်းမျှလူနာဦးရေ(၁၀၀၀၀)နှင့် အတွင်းလူနာဦးရေ(၇၃၀၀) ကုသခဲ့တယ်လို့ သိရှိရပါတယ်။ IAEA ၏ စံသတ်မှတ်ချက်တွေအရဆိုရင် လူဦးရေ (၂၅၀၀၀၀)မှာ Teletherapy Unit (၁)ခု Radiation Oncologist (၁)ဦး၊ Medical Physicist (၁)ဦးနှင့် Radio–therapist (၂)ဦးရှိရမှာဖြစ်သည့်အတွက် ကျွန်မတို့နိုင်ငံအနေနဲ့လည်း ဒီလို စံသတ်မှတ်ချက်တွေနှင့်ကိုက်ညီဖို့ ဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ ဆေးရုံတွေအတွက် နေရာရွေးချယ်တဲ့အခါမှာလည်း ဘယ်လိုစံသတ်မှတ်ချက်တွေနှင့် ရွေးချယ်မှာလဲ။ ရောဂါဖြစ်ပွားမှု အနည်းအများနဲ့လား။ နေရာဒေသအကျယ်အဝန်းနဲ့လား။ ဒါတွေကိုပါ ထည့်သွင်းစဉ်းစားထားဖို့ အထူးလိုအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ဆွေးနွေးချင်တာက နိုင်ငံတော်အနေနှင့် ကင်ဆာရောဂါအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်တွေ လျာထားဆောင်ရွက်နိုင်ဖို့ လိုအပ်သည့်စက်ပစ္စည်း၊ ဆေးဝါးနှင့် နည်းပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးနိုင်ဖို့ လွှတ်တော်အနေနဲ့ကလည်း ကင်ဆာရောဂါအားလုံးကို လွှမ်းခြုံနိုင်မယ်။ ကာကွယ်တားဆီးရေးနှင့်ပတ်သက်သည့် မူဝါဒ ဥပဒေတွေကို ထိထိရောက်ရောက် ပြဋ္ဌာန်းပေးနိုင်ဖို့ ကင်ဆာရောဂါဝေဒနာရှင်တွေအတွက်လည်း ငွေကုန်ကြေးကျသက်သာစေဖို့၊ ပညာပေးမှု အစီအစဉ်တွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းများအား အကြံပြုတိုက်တွန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၄။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ မင်းလှ၊ မိုးညို၊ အုတ်ဖိုကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ

လျှော့ချခြင်း ကာကွယ်တားဆီးရေးလုပ်ငန်း လုပ်ဆောင်မှု၊ ဖော်ဆောင်မှု၊ လေ့လာစိစစ်မှု အစီရင်ခံစာနှင့်ပတ်သက်ပြီး ထောက်ခံအကြံပြုသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကမ္ဘာပေါ်မှာ ကင်ဆာအပါအဝင် Non –Contagious Diseases ခေါ် Non Infectious Diseases လို့ ခေါ်တဲ့ ကူးစက်ရောဂါမဟုတ်သည့် ရောဂါတွေက အဖြစ်များလို့နေပါတယ်။ မြန်မာနိုင်ငံမှာ ကြည့်လို့ရှိရင်လည်း လွန်ခဲ့သည့်(၁၀)နှစ်ကစပြီး အဖြစ်များလာခဲ့ရာ ၂၀၁၈ ခုနှစ် စာရင်းအရဆိုရင် မြန်မာနိုင်ငံမှာ ကင်ဆာရောဂါဝေဒနာရှင်ပေါင်း (၆၉၅၅၄)ဦး ရှိကြောင်းလည်း သိရပါတယ်။ ကင်ဆာရောဂါ မြောက်မြားစွာတွေထဲမှ အဖြစ်အများဆုံး ကင်ဆာရောဂါ(၅)ခုက အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အသည်းကင်ဆာတို့ ဖြစ်ကြောင်းလည်းသိရပါတယ်။ ဒီလို ကင်ဆာတွေဖြစ်လို့ရှိရင် သေဆုံးမှုနှင့် ကုသမှုကုန်ကျစရိတ် များပြားသည့်အတွက်ကြောင့် ဆင်းရဲသားအိမ်ထောင်စုတွေအတွက် ဆိုးကျိုးများသက်ရောက်နိုင်သလို ကျွန်တော်တို့ နိုင်ငံတော်အတွက်လည်း ကုန်ကျမှုစရိတ်တွေများပြီး (Myanmar Sustainable Development Plan–MSDP)ကိုလည်း ထိခိုက်နိုင်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကင်ဆာရောဂါနှင့်ပတ်သက်လို့ ကင်ဆာရောဂါအားလုံး၏ သုံးပုံတစ်ပုံဟာ ခုနကတင်ပြသွားသလို အဝလွန်ခြင်း၊ အရက်သေစာအလွန်အကျွံသောက်သုံးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး စားသုံးခြင်း၊ သုံးစွဲခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစားသုံးမှုနည်းပါးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းတို့ကြောင့် အဖြစ်များကြောင်းလည်း ဖော်ပြထားပါတယ်။ တစ်ခါကော်မတီ ကလည်း ကင်ဆာရောဂါ ကာကွယ်ကုသရေးနှင့်ပတ်သက်ပြီး ကင်ဆာရောဂါဖြစ်ပွားမှု၊ ကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီတာတွေ၊ ကင်ဆာရောဂါကာကွယ်ဖို့အတွက် အသိပညာ ပေးမြှင့်တင်ပေးဖို့လိုအပ်ကြောင်း၊ ကင်ဆာရောဂါ ကာကွယ်ကုသထုံးဆိုင်ရာ အချက်အလက်တွေ၊ ကင်ဆာရောဂါနှင့်ပတ်သက်သည့် ကုထုံးတွေမှာ စိန်ခေါ်မှုရှိကြောင်းလည်း တင်ပြထားတာကို တွေ့ရှိရပါတယ်။ သုတေသနများအရဆိုရင် ကင်ဆာရောဂါဖြစ်ပွားသည့် လူတွေ၏ သုံးပုံတစ်ပုံမှာ ကြိုတင်ကာကွယ်နိုင်သလို ကျန်သည့်သုံးပုံနှစ်ပုံဟာ စောစီးစွာ ရောဂါ အမည်ဖော်ထုတ်ပြီး ကုသပျောက်ကင်းနိုင်ကြောင်းလည်း သိပါတယ်။

မြန်မာနိုင်ငံ ကျန်းမာရေးဌာနအနေဖြင့်လည်း ခုနက တင်ပြသွားသလို ၂၀၁၁ ခုနှစ်က ကျန်းမာရေးအသုံးစရိတ် အမေရိကန်ဒေါ်လာသန်းပေါင်း (၉၄)သန်းသုံးစွဲနေရာကနေပြီး ၂၀၁၆–၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာသန်းပေါင်း (၈၅၀)သုံးစွဲသည့်အတွက်ကြောင့် ကျွန်တော်တို့ အဆပေါင်း(၉)ဆ တိုးမြှင့်သုံးစွဲခဲ့ပါတယ်။ အဲဒီလို သုံးစွဲနေသော်လည်း စိန်ခေါ်မှုတွေအနေနဲ့ ကင်ဆာရောဂါကုသသည့်အခါမှာ တိကျသည့်သတင်း အချက်အလက်ဒေတာတွေမရှိတာ။ ကျွမ်းကျင်သည့် ပညာရှင်တွေနှင့် ကျွမ်းကျင်ကျန်းမာရေး လုပ်သားတွေအားနည်းတာ၊ အဆောက်အအုံနှင့်

သင်တန်းကျောင်းတွေ တိုးချဲ့ဆောက်လုပ်သော်လည်း နည်းနေသေးတာတွေနှင့် ကင်ဆာရောဂါကု သည့် ခေတ်မီကိရိယာတွေနည်းပါးပြီး လုံလောက်မှုမရှိတာတွေနဲ့လည်း ကျွန်တော်တို့ ကြုံတွေ့ နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကူးစက်ရောဂါတွေဖြစ်သည့် ရောဂါတွေကတော့ ဘက်တီးရီးယား၊ ဗိုင်းရပ်စသည့် အဏုဇီဝပိုးမွှားတွေကြောင့်ဖြစ်ပြီး ယင်းတို့နှင့်သက်ဆိုင်သည့် ကုသသည့် Antibiotics ခေါ် ပဋိဇီဝဆေးတွေရှိသလို ကာကွယ်ဆေး Vaccine တွေလည်းရှိပါတယ်။ ဒီပိုးမွှားလေးတွေက ခန္ဓာကိုယ်ထဲမှာ သူတို့ ကြိုက်နှစ်သက်သည့်နေရာမှာနေပြီး လူကို ရောဂါ ဖြစ်စေပါတယ်။ ကင်ဆာရောဂါဖြစ်စေသည့် အကြောင်းအရင်းတွေကလည်းမျိုးစုံရှိသလို နယ်ပယ် ကလည်း ကျယ်ဝန်းပါတယ်။ ဖြစ်တတ်သည့်နေရာတွေကလည်း ခန္ဓာကိုယ်အနှံ့အပြားမှာ ရှိနိုင် ပါတယ်။ ဥပမာအားဖြင့် ဦးနှောက်အကျိတ်ကင်ဆာရောဂါ၊ ဆီးကျိတ်ကင်ဆာရောဂါ၊ အရေပြား ကင်ဆာရောဂါ၊ အရိုးကင်ဆာ၊ သွေးကင်ဆာ စတာတွေက အများကြီး ရှိပါတယ်။ နောက်တစ်ခုက ကင်ဆာရောဂါဆိုလို့ရှိရင် လောလောဆယ် ကမ္ဘာမှာ သားအိမ်ခေါင်းကင်ဆာရောဂါကိုပဲ ကာကွယ် ပေးနိုင်ပါသေးတယ်။ ယခု ကျွန်တော်တို့ သတင်းကောင်းက လာမယ့် စက်တင်ဘာလကနေ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအထိ (၁၀)နှစ်ကနေ (၁၁)နှစ်အထိ အမျိုးသမီးငယ်လေးများကို နိုင်ငံတော်မှနေပြီး သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးပေးမည့်အကြောင်းလည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကင်ဆာရောဂါကာကွယ်ခြင်းနှင့် သေဆုံးမှုလျှော့ချရေးအတွက်ဆိုရင် ကာကွယ်ရေးကို အဓိကထားပြီး လုပ်ဆောင်ပေးဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ သည်သာ အဓိကဆိုသည့်အတိုင်း ပြည်သူလူထုကို ကင်ဆာရောဂါဖြစ်ရသည့်အကြောင်းတွေနှင့် မည်သို့ပြုမူနေထိုင် စားသောက်ရမည်ကို အသိပညာပေးရန် အလွန်အင်မတန်မှ အရေးကြီး ပါတယ်။ ကင်ဆာရောဂါဖြစ်ပွားလို့ရှိရင် ကုန်ကျစရိတ်တွေကလည်းများလို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကင်ဆာရောဂါနှင့်ပတ်သက်ပြီး အစီရင်ခံစာမှာ တင်ပြထားတာ တွေထဲကနေပြီး ကင်ဆာရောဂါဟာ ဘာကြောင့် ဖြစ်ရတယ်။ မူလအကြောင်းအရင်းကနေပြီး ကာကွယ်ရေးဟာ အဓိက၊ ဒုတိယ စောစောစီးစီးကုသတာနဲ့ ဖြစ်လို့ရှိရင် ကုသတဲ့အစိတ်အပိုင်းတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကင်ဆာရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ လျှော့ချဖို့ဆိုလို့ရှိရင် ပြည်သူလူထုကို မည်သို့သော အကြောင်းများကြောင့် မည်သို့သောကင်ဆာများ ဖြစ်နိုင်ကြောင်းနှင့် မည်သို့ ပြုမူနေထိုင်စားသောက်ရမည်ဆိုတာကို အစီရင်ခံစာမှာ ပြည့်စုံအောင် ထည့်ပေးမည် ဆိုလို့ရှိရင် ပိုပြီး အကျိုးထိရောက်မှာ ဖြစ်သည့်အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြု ထောက်ခံဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၉။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု သေဆုံးမှုလျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများလေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှုအစီရင်ခံစာကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကြိုးပမ်းအားထုတ်မှုကို လေးစားဂုဏ်ပြုပါကြောင်း ပြောကြားပါရစေ။ ဒီအစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဟာ လွှတ်တော်ကော်မတီများ၏ အခန်းကဏ္ဍတစ်နည်းအားဖြင့် လွှတ်တော်ဟူသည့် ပြည်သူ့ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ အရေးကြီးမှု၊ အရေးပါမှုကို ထင်ရှားစေပါတယ်။ အစီရင်ခံစာဟာ အုပ်ချုပ်ရေးမဏ္ဍိုင်မှာရှိသည့်သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဌာနအဖွဲ့အစည်းများ မူဝါဒချမှတ်ရန် လုပ်ငန်းများအကောင်အထည်ဖော်ရာမှာ တစ်နည်းတစ်လမ်းအားဖြင့် တွန်းအားဖြစ်စေမယ့် အထောက်အကူပြုသည့် အကျိုးသက်ရောက်မှုများ ရှိမည်ဟု ယုံကြည်ပါတယ်ခင်ဗျား။

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပူးပေါင်းပံ့ပိုးကူညီတဲ့ (Westminster Foundation For Democracy – WFD) ကိုလည်း ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့လို သက်တမ်းနုနယ်သေးသည့် ဘဏ္ဍာရေးအရင်းအမြစ်၊ နည်းပညာအရင်းအမြစ် အင်အားနည်းပါးသေးသည့် လွှတ်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် ဒီလိုမိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဟာ အရေးပါလှပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများ၊ လွှတ်တော်များ၏ လုပ်ငန်းများ တိုးတက်လာခြင်းဖြင့် ဒီမိုကရေစီလည်း အခြေခံခိုင်မာလာမှာဖြစ်ပါတယ်။ ဒါကြောင့် WFD ၏ ပူးပေါင်းဆောင်ရွက်ကူညီပံ့ပိုးမှုကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ ကင်ဆာရောဂါဖြစ်ပွားမှု အများဆုံးနှင့်ကင်ဆာရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံထဲမှာ ပါဝင်နေပါတယ်။ ကင်ဆာရောဂါ၏ထိုးနှက်တိုက်ခိုက်မှုကြောင့် ရောဂါခံစားရသူကိုယ်တိုင်သာမက မိသားစုဝင်များကိုလည်း စီးပွားရေး၊ လူမှုရေး၊ စိတ်ပိုင်း၊ ရုပ်ပိုင်း ကြီးမားစွာ

ထိခိုက်ခံစားရပါတယ်။ တစ်ဆက်တည်း တိုင်းပြည်၏ဝင်ငွေ GDP ကို လျော့ကျစေပြီး ကျန်းမာရေး အသုံးစရိတ်များကို မြင့်တက်စေမှာဖြစ်လို့ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို နှောင့်နှေးစေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အဓိကဆွေးနွေးလိုသည့်အချက်က ကင်ဆာရောဂါဖြစ်စေပြီး ကင်ဆာရောဂါကြောင့်သေဆုံးခြင်းများ၏ အဓိကအကြောင်းအရင်းများမှာ ပါဝင်သောဆေးလိပ် ဆေးရွက်ကြီးသောက်သုံးခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် အရက်သောက်ခြင်းကို တစ်တိုင်းပြည်လုံးအတိုင်းအတာနှင့် လျှော့ချနိုင်မယ်ဆိုလို့ရှိရင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းများ သေချာလျော့နည်းလာမှာဖြစ်ပါတယ်။ ဆေးလိပ်နှင့် အရက်သောက်သုံးမှု လျှော့ချနိုင်ဖို့ဆိုလို့ရှိရင် ဆေးလိပ်နှင့် အရက်ကြော်ငြာများကို ဥပဒေ စည်းကမ်းများနှင့်အညီ ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း၊ လျှော့ချခြင်းတို့ကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ ဖွန်လမှာ ကျင်းပပြုလုပ်သည့် ပဉ္စမပုံမှန်အစည်းအဝေးမှာ ဒေါက်တာစန်းမောင်မောင် မှ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများလိုက်နာ ကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက်နည်းပါးနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပါရန် တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်ကလည်း တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ပါတယ်။ ဒီအဆိုအတည်ပြုပြီးတာ ဆိုလို့ရှိရင် ၃ နှစ်လောက်ရှိပါပြီ။ ဒါပေမယ့်လည်း ဒီအဆို၏အကျိုးသက်ရောက်မှုဟာ အင်မတန်မှကို နည်းပြီး ဆောင်ရွက်မှုမရှိသလောက်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီလိုပဲ အမျိုးသားလွှတ်တော်၏ နဝမပုံမှန်အစည်းအဝေးမှာ ကျွန်တော်က အရက်ကြော်ငြာများ စည်းကမ်းမဲ့စွာ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာ၊ အလွန်အကျူးပြုလုပ်နေခြင်းများကို ထိန်းသိမ်းကြပ်မတ်ပေးရန်အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက လာရောက်ပြီးဖြေဆိုခဲ့ပါတယ်။ ဒီမေးခွန်းနှင့် အဖြေ၏ရလဒ်ကလည်း ယခုအချိန်မှာ ပြောပလောက်အောင် မရှိဘူးလို့ဆိုရမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါက Promotion Girl လေးတွေ လက်ဖက်ရည်ဆိုင်တွေမှာ ကိုယ်တိုင်ကိုယ်ကျ ဆေးလိပ်လာရောင်းနေတာဖြစ်ပါတယ်။ ဆေးလိပ်ကို လက်လီအလိပ်တွေရောင်းနေတာလည်းတွေ့ရပါတယ်။ ဒါတွေကတော့ စာမျက်နှာပြည့်ကြော်ငြာထားသည့် ဂျာနယ်တွေ၏ ကျောဖုံးတွေဖြစ်ပါတယ်။ ဒါကလည်း တီဗွီမှာ ကြော်ငြာနေတာ၊ နောက်တခါ Online မှာ Lessons နှင့် News တွေမှာ အရက်ကြော်ငြာများ ထည့်သွင်းကြော်ငြာနေတာဖြစ်ပါတယ်။ ခုထိလည်း ဒီအတိုင်း ဖြစ်နေပါသေးတယ်။

ဒါက အမြန်လမ်းမကြီးဘေးမှာ ဆိုင်းဘုတ်အကြီးကြီး ကြော်ငြာနေတာ ဖြစ်ပါတယ်။ အရက်လို့တော့ မပြောဘူး။ ဒါပေမဲ့ PH7 လေးကို မမြင်သာအောင်ကပ်ပြီး ထားပါတယ်။ ဒါပေမဲ့

ဒါအရက်ကြော်ငြာမှန်း လူတိုင်းသိပါတယ်။ ဒါက ဆိုင်ကယ်တွေ၊ ကားတွေ ကံစမ်းမဲပေးပြီး ရောင်းအားကို မတရားမြှင့်တင်ထားသည့်ကြော်ငြာတွေ ဖြစ်ပါတယ်။ ဒါကတော့ မဲဖောက်မယ့် ကားကြီးကို ကားပေါ်တင်ပြီး မြို့ထဲလှည့်၍ကြော်ငြာသည့် ကြော်ငြာဖြစ်ပါတယ်။ ဒါလည်း ဂျာနယ်တစ်ခု၏ ကျောဖုံးမှာ စာမျက်နှာပြည့်ကြော်ငြာ ထားတာဖြစ်ပါတယ်။ ကျေးဇူးပါ။ အဲဒီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကင်ဆာရောဂါကြောင့် သေဆုံးမှုများလျှော့ချဖို့ဆိုလို့ရှိရင် ဒီလို ကျင့်ဝတ်သိက္ခာမဲ့သည့် ကြော်ငြာတွေ၊ မတရားသဖြင့် ရောင်းအားမြှင့်တင်တာတွေ၊ လက်တလုံးခြား လှည့်ပတ်ပြီး ကြော်ငြာတာတွေကို တားမြစ်ရမှာဖြစ်ပါတယ်။ အဓိက အုပ်ချုပ်ရေးမဏ္ဍိုင်ဘက်မှာ အထူးသဖြင့် တရားဥပဒေထိန်းသိမ်းရေးအဖွဲ့အစည်းကြီး Law Enforcement Department တွေကပါ သူတို့မှာ အဓိကတာဝန်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်မှာလည်း ဆေးသုတေသနဦးစီးဌာနရှိပါတယ်။ ဆေးသုတေသနဦးစီးဌာနမှ ဦးဆောင်ပြီး မြန်မာနိုင်ငံမှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု၊ အရက်သောက်သုံးမှုနှုန်း ၎င်းနှင့်ဆက်စပ်သည့် ရောဂါများ၊ ၎င်း၏တိုင်းပြည်အပေါ်ဆိုးကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်သုတေသနပြုလုပ်မယ်ဆိုလို့ ရှိရင် ယခု အမျိုးသားလွှတ်တော်ကော်မတီကပြုလုပ်သည့် လေ့လာဆန်းစစ် သုတေသနပြုချက်များ ထက် ပိုပြီး တိတိကျကျ နက်နက်နဲနဲ လေ့လာသိရှိနိုင်မှာဖြစ်ပြီး ပြည်သူ့ကျန်းမာရေးအတွက် မူဝါဒ ချမှတ်ရာမှာ အလွန်အကျိုးများမယ်လို့ ယူဆပါကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဆေးလိပ်လက်လီရောင်းချခြင်း၊ အရောင်းမြှင့်တင်ရေး ဝန်ထမ်းများဖြင့် ရောင်းချခြင်း ပြပုံ (ယ)



အမြန်လမ်းမကြီးဘေးမှ ဆိုင်းဘုတ်ကြီး ပြပုံ (ယ-၁)




အရက်ကြော်ငြာအား ကားကံစမ်းမဲဖြင့် ဆွဲဆောင်ထားခြင်း ပြပုံ (ယ-၂)




**အချိန်၊ ၁၂:၁၅။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၅။**

**ဒေါက်တာစန်းမောင်မောင် (အတွင်းရေးမှူး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အတွင်းရေးမှူး ဒေါက်တာ စန်းမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပထမဦးဆုံး ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးသွားတာကို အနည်းငယ်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ကင်ဆာရောဂါနှင့်ပါတ်သက်ပြီး ကုသသည့်နေရာမှာ ပြည့်ပြည့်စုံစုံ ဓာတ်ရောင်ခြည် ကုသခြင်း၊ ဆေးဝါးဖြင့်ကုသခြင်း၊ ဆေးသွင်းကုသခြင်း၊ ဆေးကျွေးကုသသည့် နေရာ(၄)နေရာရှိပါတယ်။ အဲဒါက ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့ဆေးရုံကြီး၊ မန္တလေးတိုင်း

ဒေသကြီးမှ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ကုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးနှင့် တောင်ကြီး စပ်စံထွန်းဆေးရုံကြီးတို့ ဖြစ်ပါတယ်။ ကုသစရိတ်များနှင့် ပတ်သက်လို့လည်း ခက်ခက်ခဲခဲနှင့် ကျွန်တော်တို့ ကျော်လွှားနေရတာဆိုတာလည်း အားလုံးအသိဖြစ်ပါတယ်။

ပထမအကြိမ်ကုသတာကိုက ငွေကျပ် (၃)သိန်းနှင့် ငွေကျပ်(၆)သိန်းကြားကုန်ကျမှာဖြစ်ပြီး ဒုတိယအကြိမ်၊ တတိယအကြိမ်ကုသမယ်ဆိုရင် ဒီထက်ပိုပြီးများနိုင်ပါတယ်။ ဒါကြောင့် ကုသစရိတ်၊ ကုန်ကျစရိတ်တွေကို ကာမိဖို့ရာဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးအာမခံ စနစ်ကို လုပ်ဆောင်ဖို့ဆိုလို့ရှိရင် မကြာခင်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ လာရောက် ရှင်းလင်းပြီး ဆွေးနွေးဖို့ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဆိုထားတာရှိပါတယ်။ သုံးပုံတစ်ပုံက ကာကွယ်နိုင်တယ်။ သုံးပုံတစ်ပုံက စောစောစီးစီးသိလို့ရှိရင် ကုသလို့ရတယ်ဆိုတာ မှန်ပါတယ်။ အစီရင်ခံစာမှာလည်း ကျွန်တော်တို့ သေချာထည့်သွင်းထားပြီးဖြစ်ပါတယ်။ သွားနှင့် ခံတွင်းမှာ အထူးသဖြင့် ကွမ်းစားသည့်ဓလေ့ကြောင့် သွားနှင့်ခံတွင်းကင်ဆာတွေ အဖြစ်များနေပါတယ်။ ဒါတွေကိုလည်း ထိန်းချုပ်နိုင်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ သွားဆရာဝန်တင်မကပါဘူး ဒီဟာတွေဟာ ကင်ဆာဖြစ်နိုင်တယ်ဆိုတာကို အသိပညာကျယ်ကျယ်ပြန့်ပြန့် ပေးဖို့လိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ပိုးသတ်ဆေး၊ ဓာတုဆေးတွေဟာဆိုရင်လည်း ကင်ဆာဖြစ်စေနိုင်တယ်ဆိုတာကို ဆွေးနွေးပွဲတွေမှတစ်ဆင့် FDA လိုပညာရှင်များဖိတ်ခေါ်ပြီး ဆွေးနွေးခဲ့ပါတယ်။ သူတို့လည်း သေသေချာချာရှင်းပြသွားပါတယ်။ အစားအသောက်တွေနှင့်ပတ်သက်ပြီး စားသုံးဆီနှင့်ပတ်သက်ပြီး မှိုတွေ နောက်ပြီး လက်ဖက်တွေမှာပါတတ်သည့် Alpha-toxin လိုဟာမျိုး အသဲကင်ဆာဖြစ်နိုင်တာ သေချာရှင်းပြပါတယ်။ ဒီစာတမ်းမှာ မထည့်ရသည့်အကြောင်းအရင်းက စာတမ်းအများကြီးရှည် သွားမှာ စိုးသည့်အတွက်ကြောင့် မထည့်ရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ NCDs ပေါ့နော် NCDs ဆိုတာက Non Communicable Diseases မကူးစက်နိုင်သော ရောဂါများနှင့် ပတ်သက်ပြီး အဓိက ကင်ဆာနှင့် ပန်းနာရင်ကျပ် ဖြစ်တာ၊ နှလုံး၊ သွေးတိုးရောဂါတို့ ဒါတွေကိုလည်း ထိန်းချုပ်ဖို့ရာအတွက် ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာနမှာ ဖွင့်လှစ်ထားပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဝန်ထမ်းအင်အားဟာ တစ်ဦး တည်းကနေပြီး ဌာန(၃)ခု(၄)ခုလောက်ကို ကိုင်တွယ်နေရတာဖြစ်သည့်အတွက်ကြောင့် ဝန်ထမ်း အင်အား နည်းနေတာကိုတွေ့ရပါတယ်။ ဒါကြောင့်တချို့ကိစ္စတွေမှာ ကျွန်တော်တို့ ထင်သလောက် သေသေချာချာမကိုင်တွယ်နိုင်ဘူးဆိုတာ ကျွန်တော်တို့သိရပါတယ်။ နောက် Healthy Life Style ကျွန်တော်တို့ အထူးသဖြင့် အစာအိမ်ကင်ဆာနှင့်ပတ်သက်လို့ ယခုနှစ်တွေမှာ တစ်နှစ်ထက်တစ်နှစ် အစာအိမ်ကင်ဆာတိုးလာတာကို တွေ့ရပါတယ်။ အဲဒါက ကျွန်တော်တို့ စားသောက်သည့် Life Style က ပြောင်းလဲသွားလို့ ဖြစ်ပါတယ်။ အဓိက က ကိုရီးယားဇာတ်ကားကြည့်ပြီး အကင်တွေ အစားများ

သည့်အခါမှာဆိုလို့ရှိရင် အဲဒီအကင်တွေကနေပြီး ဒီ အစာအိမ်ကင်ဆာဖြစ်ပွားမှုနှုန်း များလာတာကို တွေ့ရတာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

နောက်ဒုတိယဆွေးနွေးသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၏ မေးခွန်းကို ကျွန်တော် ဆွေးနွေးပါမယ်။ ကျွန်တော်တို့ ကင်ဆာနှင့်ပတ်သက်လို့ ဒီမှာ ဇယားနှင့် ဂဏန်းတွေကို သေချာပြောပြသွားပါတယ်။ အဓိက က ဆေးလိပ်၊ ဆေးရွက်ကြီး ပူးပေါင်း ဆောင်ရွက်မှုကို ဝန်ကြီးဌာနအလိုက် လုပ်ဖို့ပြောပါတယ်။ ပြောတဲ့အခါမှာဆိုလို့ရှိရင်လည်း အဓိက က တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ ဦးဆောင်ပြီးလုပ်မှသာလျှင် အကောင်အထည်ဖော်နိုင်မယ့် အနေအထားရှိပါတယ်။ စုပေါင်းဆောင်ရွက်ဖို့အတွက်က ကျန်သည့် ပြည်ထောင်စုဝန်ကြီးလောက်အနေဖြင့် အကောင်အထည်ဖော်ဖို့ရာ အခက်အခဲရှိနိုင်သည်ဟု အစီရင်ခံစာမှာ ထည့်သွင်းရေးသားထားပြီးဖြစ်ပါတယ်။ WHO မှာ ဆွေးနွေးသည့်အခါမှာ ဝင်ငွေနည်းပါးသည့်ဗျူဟာ၊ အရက်အရောင်းမြှင့်တင်ခြင်းကိုကန့်သတ်တာ၊ ကျန်းမာရေးအတွက်ကိုယ်လက်လှုပ်ရှားလုပ်ရမှာ ဒါတွေကလည်း အစီရင်ခံစာမှာ ထည့်ထားပြီးဖြစ်သည့်အတွက်ကြောင့် ကျွန်တော် အထွေအထူး မပြောလိုပါဘူး။ Food Security အတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျွန်တော်တို့ အစီရင်ခံစာမှာ ကျယ်ကျယ်ပြန့်ပြန့်လည်း ဆွေးနွေးသွားပြီးဖြစ်သည့်အတွက်ကြောင့် ကျွန်တော် အထူးတလည်ဆွေးနွေးဖို့ မရှိတော့ပါဘူး။ နောက် တစ်ခုက ကျွန်တော်တို့ အထူးသဖြင့် ဥပဒေတွေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ဆိုလို့ရှိရင် နောက်ထုတ်လာမယ့် ဥပဒေတွေက ၂၀၀၆ ခုနှစ် ဥပဒေနှင့်ကိုက်ညီမှုရှိ/မရှိ၊ ဆက်သွယ်မှုရှိ/မရှိ ဆိုတာနဲ့ လေ့လာပြီး သေချာဆန်းစစ်ဖို့ လိုတယ်ဆိုသည့်အကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

နောက်တစ်ခါ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေဦး တင်ပြသွားသည့် ဆွေးနွေးချက်များကိုလည်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားပါမယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ (၉၀) ရာခိုင်နှုန်းဟာ အဆုတ်ကင်ဆာ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့်ဖြစ်တယ် ဆိုတာ အားလုံးသိပြီး ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးတွေကို အခွန်တိုးကောက်ဖို့ ဆေးလိပ်ကြော်ငြာပိတ်ပင်ဖို့၊ ဆေးလိပ်မသောက်ရနေရာသတ်မှတ်ဖို့၊ မသောက်ရနေရာအပြင် သောက်ရမည့်နေရာတွေ သတ်မှတ်ထားဖို့ ဒါတွေကိုလည်း ကျွန်တော်တို့ ဥပဒေစိုးမိုးဖို့အတွက် သေချာအလေးထားဖို့လိုပါတယ်။ ဒါပေမဲ့လည်း လိုက်နာမှုအားနည်းသည့်အခါကျတော့ တချို့ဆို လို့ရှိရင် ၂၀၀၆ ခုနှစ် ဥပဒေကို မသိတဲ့လူကလည်း ရှိပါသေးတယ်။ (၂၀)ရာခိုင်နှုန်းလောက်ရှိတယ်။ နောက်ပြီး ၂၀၀၆ ခုနှစ် ဥပဒေအရ ရဲအရေးပိုင်မှုဆိုတာ မသိတဲ့လူတွေကလည်း ရှိပါသေးတယ်။ အဲဒီလိုမျိုးကြောင့် ၂၀၀၆ ခုနှစ် ဥပဒေကိုလည်း ကျွန်တော်တို့က ထိရောက်အောင် အကောင်အထည်

ဖော်ပေးနိုင်ဖို့ဆိုလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကျန်သည့်အဖွဲ့အစည်းတွေကနေ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

ပြည်သူများ၏ ကျန်းမာရေးကောင်းဖို့အတွက်ဆိုလို့ရှိရင် အစိုးရကောင်းတစ်ရပ်ရှိရမှာ ဒါမှန်ပါတယ်။ ကျွန်တော်ဟာဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်မှာစတင်ပြီး တက်လာသည့်အစိုးရအနေဖြင့် ကျန်းမာရေးဘတ်ဂျက်တွေ တိုးပြီးသုံးလာတာကို အားလုံးသိပြီးဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ အရင်တုန်းကဆိုလို့ရှိရင် အမေရိကန်ဒေါ်လာ(၉၄)သန်း ယခုဆိုလို့ရှိရင် အမေရိကန်ဒေါ်လာ သန်း(၈၅၀)သန်းအထိ သုံးလာပါတယ်။ ဒါ ကမ္ဘာ့နိုင်ငံတွေနှင့်ယှဉ်လို့ရှိရင် အများကြီးနည်းပါသေးတယ်။ ဒီနှစ်မှာဆိုရင်လည်း ကျွန်တော်တို့ ဘတ်ဂျက်ကနေပြီး ကျန်းမာရေးအတွက် ချပေးသည့် ဘတ်ဂျက်က ပြည်ထောင်စုတစ်ခုလုံးအတွက်ချပေးသည့် ဘတ်ဂျက်၏ (၃.၆၅)ရာခိုင်နှုန်းပဲရှိသည့်အတွက်ကြောင့် အင်မတန်မှ နည်းပါသေးတယ်။ ဒါတွေကိုလည်း တိုးမြှင့်ပြီးချပေးဖို့ ကျွန်တော်တို့အနေနဲ့ အကြံပြုသွားမှာဖြစ်ပါတယ်။ နောက်ဆင်းရဲနွမ်းပါးသူများအတွက် ဘယ်လိုဆက်ပြီး ကုရမလဲဆိုသည့် လိပ်စာနှင့်ဖုန်းနံပါတ်ကို ကော်မတီကို အီးမေးလ်ပေးထားပါတယ်။ အီးမေးလ်ကနေပြီး မေးလို့လည်း ရပါတယ်။ ယခု ကျွန်တော့်အနေဖြင့် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၏ လိပ်စာက အမှတ်(၁၀၆)၊ (၄၉)လမ်း၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း က အမှတ်(၆၄)ဘီ၊ ရွှေဂုံတိုင်ပလာဇာ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဆိုပြီးရှိပါတယ်။ အဲဒါတွေကိုလည်း ကျွန်တော့်တို့ ကော်မတီကို မေးမြန်းစုံစမ်းလို့ရပါတယ်ဆိုသည့်အကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ခု တိုက်တွန်းချက်က စာရင်းဇယားအချက်အလက်တွေအရ ဒါ မှန်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာဆိုလို့ရှိရင် စာရင်းဇယားအချက်အလက် အတိအကျမရှိသည့်အခါကျ ဒီရောဂါကို ဖော်ထုတ်ဖို့၊ ကုသဖို့တို့မှာ အခက်အခဲအများကြီးရှိပါတယ်။ အဲဒီအချက်အလက်တွေ ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ မန္တလေးပြည်သူ့ဆေးရုံကြီးကို သွားလေ့လာသည့်အခါ ဗီဒိုတွေ၊ နှစ်လုံး၊ သုံးလုံးနှင့် စာရွက်တွေကို ဖိုင်တွေနဲ့ အများကြီးထပ်ထားတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာဆိုရင် ခေတ်မီနည်းပညာ ကွန်ပျူတာနှင့် စာရင်းသွင်းတာတွေကိုလုပ်ဖို့လည်း ကျွန်တော်တို့အနေနဲ့ တိုက်တွန်းမှာဖြစ်ပါတယ်။ ကင်ဆာရောဂါကုသရန်ကိုလည်း ဘတ်ဂျက်တွေချပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ ဘတ်ဂျက် တွေက နည်းသည့်အတွက် ကင်ဆာကို ကုသတဲ့အခါမှာ ထိထိရောက်ရောက် မကုသနိုင်ပါဘူး။ ဒါကြောင့် ဒီကင်ဆာကို ကုဖို့အတွက်လည်း ဘတ်ဂျက်ကို များများချပေးဖို့ ကျွန်တော်တို့အနေနဲ့ တိုက်တွန်းသွားမှာ ဖြစ်ပါတယ်။ ဒီဘတ်ဂျက်ကိုလည်း အစိုးရကို ကျွန်တော်တို့ အားကိုးမနေဘဲနှင့် ကျန်းမာရေးအာမခံစနစ်ထား ရှိမယ်ဆိုလို့ရှိရင် ဆင်းရဲသည့် ပြည်သူများအတွက် တစ်ဖက်တစ်လမ်းကနေ ကင်ဆာကို ထိထိရောက်ရောက် ကုသပေးနိုင်မယ်ဆိုသည့်အကြောင်း ပြောကြားလိုပါတယ်။ ဆေးလိပ်နှင့်အရက်ကလည်း ကင်ဆာဖြစ်စေနိုင်သလို နောက်တစ်ခု ကျွန်တော်တို့ အစီရင်ခံစာမှာ မပါဘဲ ကျန်သွားသည့် Air

Pollution Facts ဟု ခေါ်သည့် လေထုညစ်ညမ်းမှုကလည်း ကင်ဆာဖြစ်စေနိုင်တယ်ဆိုသည့် အကြောင်းကို ကျွန်တော်တို့ ထည့်သွင်းပြီးပြောကြားလိုပါတယ်။

နောက်တစ်ခုက ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ ဆွေးနွေးသွားသည့်အချက်တွေမှာလည်း သူ သေချာပြောပြသွားပါတယ်။ ကင်ဆာဖြစ်သည့်နှုန်း၊ အဆုတ်ကင်ဆာဖြစ်သည့်နှုန်း အခွန်တိုးကောက် ပေမယ့် တိုးတက်မှုမရှိဘူးဆိုတာ ပြောသွားပါတယ်။ တိုးတက်မှုမရှိဘူးဆိုတာ အကြောင်းတွေ ရှိပါတယ်။ တိုးတက်မှုမရှိရသည့် အကြောင်းအရင်းတွေက ဘာလဲဆိုတော့ တစ်ခုက ကျွန်တော်တို့ ဝန်ထမ်းအင်အားဆိုလို့ရှိရင် သူတို့ သေချာဖော်ပြထားပြီးဖြစ်ပါတယ်။ ဥပမာ ဝန်ထမ်းအင်အား (၉၄)ယောက်လောက် လိုသည့်နေရာမှာ လစ်လပ်ဝန်ထမ်းအင်အား (၇၄)ယောက်ပဲရှိသည့်ကိစ္စ အဲဒီလိုမျိုး ဝန်ထမ်းအင်အားတွေက အင်မတန်နည်းပါတယ်။ နောက်တစ်ခုက ဆေးကုသသည့် အခါမှာလည်း အခက်အခဲတွေ ရှိပါတယ်။ ဆေးသွင်းကုသသည့်အခါမှာ ဥပမာအားဖြင့် ပြောလို့ရှိရင် စနေ၊ တနင်္ဂနွေမှာ ပိတ်ရက်အစား နောက်တစ်ရက် တနင်္လာကို ထပ်ပြီးတိုးတယ်။ တိုးသည့်အခါကျ ဘယ်လိုဖြစ်လဲဆိုတော့ ဆေးသွင်းကုသမယ့် လူနာတွေကုသလို့မရတော့ဘူး။ အင်္ဂါနေ့မှ ကုသရတယ်။ အင်္ဂါနေ့မှ ဆေးသွင်းကုသသည့်အခါကျတော့ အင်္ဂါနေ့မှာ ဆေးသွင်းကုသသည့်လူနာတွေရော၊ တနင်္လာနေ့မှာ ဆေးသွင်းကုသသည့်လူနာတွေရော လူနာကနှစ်ဆဖြစ်သွားတယ်။ ဒါပေမဲ့ ကုသ ပေးသည့် ဆရာဝန်တွေရယ်၊ ဆရာမအရေအတွက်က တိုးပြီးမရှိလာဘူး။ နေရာကလည်း အခက်အခဲ တွေရှိလာတယ်။

ဒါကြောင့်မို့လို့ မလိုအပ်ဘဲနှင့် ရုံးပိတ်ရက်တွေကိုလည်း လျှော့ချပေးဖို့ မန္တလေးကနေပြီး ကင်ဆာရောဂါအထူးကုဆရာဝန်ကြီးက ကျွန်တော်တို့ကို တိုက်တွန်းအကြံပြုတာရှိပါတယ်။ နောက် ကင်ဆာနဲ့ပတ်သက်လို့ရှိရင် သားအိမ်ခေါင်းကင်ဆာက ဟုတ်ပါတယ်။ ကာကွယ်လို့ရပါတယ်။ ယခု မကြာခင်မှာဆိုရင် ခုနကလည်းပြောသွားပါပြီ။ ဂါဗီကနေပြီး မကြာခင်မှာ (၉)နှစ်မှ(၁၄)နှစ်အထိ အမျိုးသမီးတွေကို သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးပေးတော့မှာ ဖြစ်ပါတယ်။ နောက် တစ်ခုက ခုနပြောသလို စက်အသစ်တွေကိုပေ့ါနော်။ ပထမဦးဆုံးက Cobalt ဆိုတဲ့ စက်ကိုသုံးတယ်။ စက်အကောင်းစား Linear Accelerator စက်တွေကို သုံးပါတယ်။ အခုဆိုလို့ရှိရင် အဲဒီ Linear Accelerator အစား  Rediation ဆရာမကြီး အကြံပြုတာက စက်အသစ်ကြီးတွေအဖြစ် အခု Advanced Technology နဲ့ ဖြစ်လာတဲ့အခါကျ VMAT တို့၊  IGRT တို့၊ SBRT တို့ကလည်း သူတို့ လိုချင်တယ်ဆိုတဲ့အကြောင်း တကယ်လို့ အဲဒါတွေရမယ်ဆိုလို့ရှိရင် ခုနကပြောသည့် စက်တွေကို ပြည်နယ်နှင့် တိုင်းဒေသကြီး တွေကို လွှဲပေးလို့ရတယ်။ လွှဲပေးသည့်အခါမှာ ခုန ပြောတဲ့အတိုင်း ဒီစက်တွေ လွှဲပေးရုံမကဘူး။ သူတို့ရဲ့ပညာရှင်တွေကိုလည်း လေ့ကျင့်ပေးဖို့လိုပါတယ်။ အဆောက် အအုံတွေလည်း ခုနပြောသလို ငွေကျပ်သိန်း (၂၀၀၀)ကုန်တာတွေရှိပါတယ်။ စွန့်ပစ်ပစ္စည်းဆို ဘယ်လိုလုပ်မလဲ အဲဒါတွေကလည်း မှန်ပါတယ်။ အဲဒီအတွက် ငွေက လိုအပ်သည့်အတွက်

ဘတ်ဂျက်တွေအများကြီး ဒီထက်ပိုပြီးချပေးဖို့ လိုတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

နောက်တစ်ခုက ဆေးရုံ ရွေးချယ်တဲ့နေရာတွေက သိပ်ပြဿနာမရှိပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံတွေနှင့်စာရင် မြေနေရာအကျယ်အဝန်း အများကြီးရှိသည့်အတွက်ကြောင့် ကြိုက်သည့်နေရာ ကြိုက်သလိုရွေးချယ်နိုင်တဲ့အနေအထားရှိပါတယ်။ ဒါပေမဲ့ အဆောက်အအုံဆောက်သည့်နေရာမှာ Rediation အဆောက်အအုံတွေဖြစ်ဖို့အတွက် အဲဒါတွေကို ထည့်သွင်းပြီးလုပ်ဖို့ လိုပါတယ်။ ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်တွေကို တိုးချဲ့ပေးဖို့လည်း ကျွန်တော်တို့က တောင်းဆိုပါတယ်။ သို့သော်လည်း ကျန်းမာရေးအသုံးစရိတ်က အခြားပြည်ထောင်စုဝန်ကြီးဌာနတွေ၏ အသုံးစရိတ်နှင့်စာရင် နည်းနေသေးသည့်အတွက်ကြောင့် အဲဒါတွေကိုလည်း တိုးချဲ့ပြီး ချပေးဖို့တိုက်တွန်းလိုပါတယ်။ ပြည်ထောင်စုအဆင့်မှာလည်း ကျန်းမာရေးဌာနကို ဘတ်ဂျက်တိုးမြှင့်ချပေးဖို့ကိစ္စတွေကိုလည်း ပြည်ထောင်စုကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးပေးဖို့ ကျွန်တော့်အနေဖြင့် တိုက်တွန်းလိုပါတယ်။ နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးသွားတာမှန်ပါတယ်။ ကင်ဆာ၏ ဆိုးကျိုးတွေက အင်မတန်မှ တစ်ဦးတစ်ယောက်တည်းကိုသာ မကပါဘူး။ မိသားစုအတွက်ရော၊ လူမှုပတ်ဝန်းကျင်အတွက်ရော၊ နိုင်ငံအတွက်ရောပေ့ါနော် ဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။ လုပ်အားလည်း ဆုံးရှုံးတယ်။ ငွေအားလည်း ဆုံးရှုံးတယ်။ ဒါကြောင့် ဖြစ်လာမှ ကုတာထက်စာလို့ရှိရင် မဖြစ်ခင် ကာကွယ်လို့ရပါတယ်။ အခုနက ပြောတဲ့အချက်(၆)ချက်လောက်ကို ကျွန်တော်တို့ ရှောင်နိုင်မယ်ဆိုလို့ရှိရင် သုံးပုံတစ်ပုံလောက်က ကင်ဆာမဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် ဒီကိစ္စကိုလည်း ကာကွယ်သည့်နည်းဖြင့် ကာကွယ်ရမှာဖြစ်ပါတယ်။

နောက်ပြီး ကုသသည့်အခါကျလို့ရှိရင်လည်း စောစောစီးစီး Diagnosis ကင်ဆာ ရောဂါဖြစ်တာကို စသိတာစောလို့ရှိရင် ကင်ဆာကုလို့ပျောက်တယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုလို့ရှိရင်လည်ချောင်း ကင်ဆာလိုမျိုး၊ နောက်ပြီး ရင်သားကင်ဆာလိုမျိုး စောစောစီးစီးသိလို့ရှိရင် ခွဲစိတ်ကုသမယ်။ ဓာတ်ကင်မယ်။ ဆေးသွင်းပြီး ကုသမယ်ဆိုလို့ရှိရင် သက်တမ်းစေ့နေနိုင်မည်ဟုကျွန်တော့်အနေနဲ့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြစ်နေတာကများသောအားဖြင့် ကင်ဆာတွေဟာ အဆင့်သုံး သို့မဟုတ် အဆင့်လေးရောက်မှ သိကြသည့်အခါကျနောက်ကျနေပါတယ်။ နောက်ကျသည့်အခါကျတော့ များသောအားဖြင့် ကင်ဆာကုသည့်အခါသေဆုံးသည့်နှုန်းဟာ မြင့်လာတာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့မဲဆန္ဒနယ် ရောက်လို့ရှိရင်လည်း ကာကွယ်သည့်နည်းလမ်းတွေ စောစောစီးစီးကုသသည့် အဖြေကိုရဖို့အတွက် စောစောစီးစီးအဖြေကိုပေးဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

နောက်တစ်ခုက ဆေးလိပ်နှင့်ဆေးရွက်ကြီး ကွမ်းစားခြင်း၊ အထူးသဖြင့်က ဆေးလိပ်နှင့် ဆေးရွက်ကြီးက သိပ်ပြဿနာမရှိဘူး။ ဥပမာ ကျွန်တော်တို့ ကွမ်း ဟာဆိုလို့ရှိရင် ရိုးရာဖြစ်တယ်။ ကင်ဆာနှင့် သိပ်မသက်ဆိုင်ပါဘူးဟု အချို့က အယူအဆ ရှိပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။ ကွမ်းနှင့် ကွမ်းရွက်ကလည်း ကင်ဆာကို ဖြစ်စေပါတယ်။ ကွမ်းနှင့် ကွမ်းမှာပါသည့် ဆေးတွေ ပါတယ်။ သူက အမျိုးစုံပါတယ်။ ထုံး ပါတယ်။ အဲဒါတွေ အားလုံးက Carcinogenic ပါ။ အဲဒါတွေ အားလုံးကိုလည်း ကင်ဆာဖြစ်စေတယ်ဆိုသည့်အကြောင်း ကျွန်တော်တို့ရဲ့ ပြည်သူများကို ကျယ်ကျယ် ပြန့်ပြန့် ပညာပေးဖို့ လိုပါတယ်။ ပညာပေးသည့်အခါမှာအခုဆိုရင် အဆင့်မြင့်နည်းပညာတွေမှ တစ်ဆင့် အဲဒါတွေကနေ ပညာပေးဖို့လိုတယ်ဆိုသည့်အကြောင်း ကျွန်တော့်အနေနဲ့ ထည့်သွင်းပြီး ပြောကြားလိုပါတယ်။

နောက်ဆုံးတစ်ခုက မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ် ဆွေးနွေးသွားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ပေါ့နော် WFD ကနေ ကူညီပံ့ပိုးပြီး ကင်ဆာနှင့်ပတ်သက်၍ သုတေသနစာတမ်းတစ်ခု၊ အစီရင်ခံစာတစ်ခုကို တင်နိုင်အောင် အကူအညီ ပေးသည့်အတွက်ကြောင့် ကျွန်တော်တို့လည်း အများကြီးကျေးဇူးတင်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က ငွေကုန်ကြေးကျ အများကြီးရှိပါတယ်။ ဒီကိစ္စတွေကို လိုလေသေးမရှိအောင် ပညာရှင်တွေနဲ့ တွေ့ဆုံလို့ ဟိုတယ်တွေမှာ အစီအစဉ်လုပ်ပေးတာတွေရှိတယ်။ နောက်တစ်ခုကဆိုရင် Local Consultant တွေ နိုင်ငံခြား Consultant တွေ ငှားတာတွေရှိတယ်။ အများကြီး ကုန်ကျစရိတ်တွေ ရှိပါတယ်။ ဒါတွေအားလုံးကို ကူညီပံ့ပိုးပေးသည့်အတွက်ကြောင့် ကျွန်တော်တို့လည်း ကျေးဇူး တင်ရှိပါတယ်။

နောက်ပြီး ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ပတ်သက်ပြီး ၂၀၁၇ ခုနှစ်ဥပဒေမှာ ကျွန်တော်တို့ အဆိုတင်သွင်းခဲ့ပါတယ်။ သို့သော်လည်း အကောင်အထည်ဖော်မှုကတော့ အားနည်း နေပါသေးတယ်။ သို့သော်လည်း အားနည်းတယ်ဆိုပေမယ့် လူအင်အားမရှိတာလည်း ပါတယ်။ ငွေအင်အားမတတ်နိုင် တာလည်းပါတယ်။ ဌာနချင်းစုပေါင်းပြီးဆောင်ရွက်တာ ဥပမာ စည်ပင်သာယာရေးဌာန အုပ်ချုပ် ရေးမှူးနှင့် ဌာနဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အားနည်းနေတာလည်းပါတယ်။ နောက်တစ်ခုဟာ ဆိုလို့ရှိရင် အရေးယူမှုအပိုင်းမှာဆိုလို့ရှိရင်လည်း ထိထိရောက်ရောက် အရေးမယူဘဲနဲ့ပေါ့နော်၊ ဒီအတိုင်း လစ်လျူရှုထားသည့်အပိုင်းတွေပါတဲ့အခါကျတော့ ၂၀၀၆ ခုနှစ် ဆေးလိပ်၊ ဆေးရွက်ကြီး ဥပဒေဟာဆိုလို့ရှိရင် အကောင်အထည်ဖော်မှုမှာ အားနည်းတယ်ဆိုတာ တွေ့ရပါတယ်။

နောက်ဆုံးအနေဖြင့် ကျွန်တော် ပြောချင်တာက ဒီကနေ့ ကျွန်တော်တို့ ကင်ဆာရောဂါ ဟာဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ အဖြစ်အများဆုံးကင်ဆာ(၅)မျိုး အကြောင်းကိုလည်း ပြောပြီး ဖြစ်ပါတယ်။ ဒီကင်ဆာတွေကို ကာကွယ်ဖို့အတွက်ဆိုလို့ရှိရင် ဖြစ်နိုင်သည့်နည်းလမ်း (၆)ခုထဲက အဲဒါတွေကိုရှောင်ဖို့နဲ့ နောက်ပြီး အားကစားလေ့ကျင့်ဖို့ကိစ္စပေါ့ အဲဒါတွေကို လုပ်ဖို့လိုတယ်။

နောက်တစ်ခုက ကျွန်တော်တို့ဖြစ်လာပြီဆိုလို့ရှိရင် စောစောစီးစီး အဖြေရအောင်ရှာရမယ်။ ရှာပြီး ကုသမှုကို စောစောစီးစီးကုသရင် ပျောက်ကင်းနိုင်ပါတယ်။ နောက်တစ်ခုက ဆင်းရဲသားများအတွက် ယခုဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ကျန်းမာရေးအာမခံစနစ်ကို ထားရှိဖို့အတွက်ကို ကြိုးစားနေပါပြီ။ ကျန်းမာရေးအာမခံစနစ်ရမယ်ဆိုရင် ကျွန်တော်တို့ ဒီဟာကို သေသေချာချာ ကုနိုင်မှာ ဖြစ်ပါတယ်။ ယခုလည်း ငွေကြေးတတ်နိုင်သူတွေအတွက်ဆိုလို့ရှိရင် Public–Private Partnership ဆိုပြီး ကျွန်တော်တို့ရဲ့ PPP ကနေပြီး ကုသပေးနေလို့ရပါတယ်ဟု ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၂:၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၂။**

**ဒေါက်တာစန်းမောင်မောင် (အတွင်းရေးမှူး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)။** ။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများလျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်မှာ အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၃၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာ

ဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၂:၃၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တောင်သူလယ်သမားရေးရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၃၅။**

**ဦးသက်နိုင်စိုး(အဖွဲ့ဝင်၊ တောင်သူလယ်သမားရေးရာကော်မတီ)။** ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်စိုး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာ ကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ယနေ့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ကာလအတွင်းဖြစ်သည့် ၁၈-၂-၂၀၁၆ ရက်နေ့မှ ၂၃-၂-၂၀၁၇ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်းဖြစ်သည့် ၂၄ - ၂ - ၂၀၁၇ ရက်နေ့မှ ၇ - ၇ - ၂၀၁၇ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအစီရင်ခံစာကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ သတ္တမပုံမှန်အစည်းအဝေး ကာလအတွင်းဖြစ်သည့် ၈-၇ - ၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအစီရင်ခံစာကို တတိယအကြိမ်အဖြစ်လည်းကောင်း အမျိုးသားလွှတ်တော်သို့ (၃)ကြိမ်တိုင် တင်သွင်းခဲ့ပါတယ်။

ယခုစတုတ္ထအကြိမ်အဖြစ် ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို စတုတ္ထအကြိမ်အဖြစ် တင်သွင်းသွားမှာဖြစ် ပါတယ်။ စတုတ္ထအကြိမ်အဖြစ် တင်သွင်းသည့်နေရာမှာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ရဲ့ (၅)နှစ်တာကာလမှာ ဆောင်ရွက်ခဲ့သည့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ခြုံငုံမိ စေဖို့အတွက် ယခင် (၃)ကြိမ်တင်သွင်းခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုတွေကိုပါ အကျဉ်းချုပ်ဖော်ပြ ပေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို အပိုဒ် (၁၃)ပိုဒ်ဖြင့် တင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ**

၁။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလ များအတွင်း အစီရင်ခံစာများတင်ပြခြင်း၊ ကော်မတီအစည်းအဝေးများကျင်းပခြင်း၊ အပြန်အလှန် ဆွေးနွေးပွဲ (Debate) အခမ်းအနားများ ကျင်းပခြင်း၊ ကော်မတီသို့ တာဝန်ပေးအပ်လာသည့် ဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် ပြည်သူများထံမှ ကော်မတီသို့ ပေးပို့တင်ပြလာသည့် လယ်ယာမြေကိစ္စရပ်ဆိုင်ရာ တိုင်ကြားစာအမှုတွဲများအပေါ် ကွင်းဆင်းလေ့လာ စိစစ်ခြင်းများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးနိုင်ရေးတို့အတွက် ကော်မတီဝင်များအားလုံး အကြံပြု ဆွေးနွေး ညှိနှိုင်းခြင်းများကို ဆောင်ရွက်ကြပါတယ်။

**ကော်မတီအစည်းအဝေးများကျင်းပခြင်း**

၂။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလမှ သတ္တမပုံမှန်အစည်းအဝေး၏ ရှေ့ပိုင်းကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီ

လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၂) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ၁ - ၃ - ၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၉)ကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။

**အပြန်အလှန်ဆွေးနွေးပွဲ (Debate) အခမ်းအနားကျင်းပခြင်း**

၃။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ သတ္တမပုံမှန်အစည်းအဝေး၏ ရှေ့ပိုင်း ကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့အထိ အပြန်အလှန်ဆွေးနွေးခြင်း (Debate) အခမ်းအနား (၁၀)ကြိမ်ကျင်းပနိုင်ခဲ့ပြီး ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ Debate အခမ်းအနား (၄)ကြိမ်ကျင်းပနိုင်ခဲ့ပါတယ် -

(က) ၁၃ - ၃ - ၂၀၁၈ ရက်နေ့တွင် ရေးရာဆောင် (I-15) အပေါ်ထပ်ကော်မတီ အစည်းအဝေးခန်းမ၌ တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့သည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုအဖွဲ့ (CESD) နှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝမြင့်မားရေး၊ လယ်သမားမှ လယ်ယာစီးပွားလုပ်ငန်းရှင်သို့ ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊

( ခ ) ၂၃-၇-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော် ၊ J ဆောင် ထမင်းစားခန်းမ၌ တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ပူးပေါင်း၍ Minoru – Keiwa Myanmar Co,Ltd နှင့်အတူ ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာများကို အခြေခံထားသော စက်ပစ္စည်းကိရိယာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ စပါးမျိုးစေ့အရည်အသွေး မြှင့်တင်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊

( ဂ ) ၂၂-၁-၂၀၁၉ ရက်နေ့တွင် (I-15) အပေါ်ထပ်အစည်းအဝေးခန်းမ၌ ကော်မတီသည် မြန်မာနိုင်ငံ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေးရှုသည့် လုပ်ငန်းများ ခေါင်းစဉ်ဖြင့် Landesa အဖွဲ့နှင့် ဆွေးနွေးခြင်း။

(ဃ) ၁၂-၁၂-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော် ၊ J ဆောင် ထမင်းစား ခန်းမ၌ တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ပူးပေါင်း၍ မြေယာမဏ္ဍိုင်အဖွဲ့နှင့်အတူ အမျိုးသား မြေဥပဒေရေးဆွဲရာတွင် အမျိုးသား စားနပ်ရိက္ခာဖူလုံရေးကို အားကောင်းစေမည့် မြေယာ၊ သားငါး၊ သစ်တောနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အား တာဝန်ခံသည့်

စီမံခန့်ခွဲမှုအတွက် စေတနာဖြင့် တန်ဖိုးထား၍ လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များဆိုင်ရာ အမြင်ဖွင့်ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း။

**ဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ချက်များ**

၄။ ကော်မတီသို့ The Land Acquisition Act, 1894 နှင့် The Myanmar Post Office Act, 1898 ဥပဒေ(၂)ရပ်ကို လေ့လာသုံးသပ်တင်ပြရန် တာဝန်ပေးအပ်လာခဲ့ပါသည်။ ကော်မတီသည် အဆိုပါ ဥပဒေ(၂)ရပ်၏ တာဝန်များအပြင် အောက်ဖော်ပြပါ ဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများသို့လည်း တက်ရောက်ခဲ့ပြီး အကြံပြုချက်များပေးခဲ့သည့်အပြင် သက်ဆိုင်ရာဌာနများနှင့်လည်း ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ် –

(က) The Land Acquisition Act, 1894 ဥပဒေနှင့်ပတ်သက်၍ လေ့လာသုံးသပ်ချက်များတင်ပြခဲ့ကာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကာလ၏ ၃၀-၁၀-၂၀၁၇ ရက်နေ့တွင် ကော်မတီသည် ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေ(မူကြမ်း)အား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ပြီး အဆိုပါ ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေ(မူကြမ်း)အား ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေအမည်ဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၄)။)ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊

( ခ ) The Myanmar Post Office Act, 1898 ဥပဒေနှင့်စပ်လျဉ်း၍ ကော်မတီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၄-၁၂-၂၀၁၆ ရက်နေ့နှင့် ၂၉-၈-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ရာ၌ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ဥပဒေ (မူကြမ်း) ဆွေးနွေးချက်များ အတည်ပြုပြီးပြီဆိုပါက မြန်မာနိုင်ငံစာကြည့်တိုက်အက်ဥပဒေကို ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်တောင်းခံ၍ ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

( ဂ ) ၂၅ - ၄ - ၂၀၁၉ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ၌ ကျင်းပပြုလုပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ၌ ၎င်းဥပဒေကြမ်းအပေါ် စိစစ်မှုပြုလုပ်ရန်၊ အကြံပြုချက်များပေးနိုင်ရန်နှင့် ပြည်သူအပေါ် အကျိုးသက်ရောက်စေမည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန်အတွက် တောင်သူလယ်သမားရေးရာကော်မတီအား တာဝန်ပေးအပ်ခဲ့ပါသဖြင့် ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ် ကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၂)ကြိမ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် (၃)ကြိမ်၊ အရပ်ဘက်အဖွဲ့အစည်းဖြစ်သည့် ရန်ကုန် နိုင်ငံရေးသိပ္ပံကျောင်းနှင့် (၁)ကြိမ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး တွေ့ဆုံ ဆွေးနွေးမှုများမှရရှိသော စိစစ်သုံးသပ် အကြံပြုချက်များအား အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသို့ပေးပို့၍ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ခဲ့ပါသည်။ ၎င်းနောက် ပြည်ထောင်စု လွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် (၁)ကြိမ် ဆွေးနွေးပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၃၉ ။)ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊

(ဃ) ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကော်မတီ အနေဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် (၃)ကြိမ်နှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် (၁)ကြိမ် ပါဝင် ဆွေးနွေးခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။) ဖြင့် လယ်ယာမြေဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊

( င ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ကြမ်းကို ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတွင် (၅) ကြိမ် ဆွေးနွေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။) ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၈ ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊

( စ ) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတွင် (၃)ကြိမ်၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီတွင်(၁)ကြိမ် ပါဝင်ဆွေးနွေးခဲ့ပါ သည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၃၆ ။) ဖြင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင် သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊

(ဆ) နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတွင်(၄)ကြိမ်၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် (၁)ကြိမ် ပါဝင်ဆွေးနွေးခဲ့ပါ သည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၁၁။) ဖြင့် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊

(ဇ) ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို ကော်မတီအနေ ဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတွင် (၆)ကြိမ် ပါဝင်ဆွေးနွေးခဲ့ပါ သည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၂၉။) ဖြင့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

## ပြည်တွင်းအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခြင်း

၅။ လမ်းညွှန်ချက်အရ ကော်မတီသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင် ရေးကို ရည်ရွယ်ကာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလမှ သတ္တမပုံမှန်အစည်းအဝေး၏ ရှေ့ပိုင်းကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့အထိ ပြည်တွင်းအဖွဲ့ အစည်း(၃)ဖွဲ့အား လက်ခံတွေ့ဆုံခဲ့ကာ ၁-၃-၂၀၁၈ရက်နေ့မှ ၃၀-၇-၂၀၂၀ရက်နေ့အထိ ပြည်တွင်း အဖွဲ့အစည်း(၁၀)ဖွဲ့ကို လက်ခံတွေ့ဆုံ၍ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ် -

(က) ၇-၆-၂၀၁၈ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ မြန်မာ့ဆန်စပါး ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ အား လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊

(ခ) ၂၀-၁၁-၂၀၁၈ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ ၈၈ - ကရင် မျိုးဆက်ကျောင်းသားများ၏ လူမှုဖွံ့ဖြိုးရေးအသင်းအား လက်ခံတွေ့ဆုံဆွေးနွေး ခြင်း၊

(ဂ) ၁၅-၁၂-၂၀၁၈ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ ၂၀၁၇ ခုနှစ် မြေသိမ်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ Namati Myanmar အဖွဲ့အား လက်ခံတွေ့ဆုံ ဆွေးနွေးခြင်း၊

(ဃ) ၁၇-၅-၂၀၁၉ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း မှ

စီမံကိန်းမန်နေဂျာ ဦးမျိုးအောင်ထွေး ဦးဆောင်သောအဖွဲ့အား လက်ခံ တွေ့ဆုံဆွေးနွေးခြင်း၊

(င ) ၂၅-၇-၂၀၁၉ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်မှ ဦးပြေငြိမ်းအောင် ဦးဆောင်သော ဒေသခံတောင်သူလယ်သမားများအား လက်ခံတွေ့ဆုံဆွေးနွေးခြင်း။

( စ ) ၂၂-၈-၂၀၁၉ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်မှ ဦးမင်းဦး ဦးဆောင်သော တောင်သူများနှင့် လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊

(ဆ) ၉-၉-၂၀၁၉ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ စစ်မှန်သော ပြည်သူ့ကျေးကျွန်အဖွဲ့ (GPS) အား လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊

( ဇ ) ၂၉-၁၁-၂၀၁၉ ရက်နေ့တွင် (I-14) အပေါ်ထပ် အစည်းအဝေးခန်းမ၌ တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ပူးပေါင်းပြီး စားနပ်ရိက္ခာဘေးကင်း လုံခြုံမှုမှသည် ပို့ကုန်မြှင့်တင်နိုင်မည့် သုတေသနရလဒ်များ၊ စိုက်ပျိုးရေး ထုတ်ကုန်များ အရည်အသွေးမြင့်မားစေရန်နှင့် ကုန်သွယ်မှုတိုးတက်စေရေးဆိုင်ရာ မူဝါဒရေးရာ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ICCO Cooperation မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊

(ဈ) ၄-၁၂-၂၀၁၉ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်အခြေစိုက် မုတ်သုံကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊

(ည) ၁၃-၁၂-၂၀၁၉ ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်အခြေစိုက် မိတ်ဆွေစစ်အသင်း (TF) အား လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊

**ပြည်ပအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခြင်း**

၆။ လမ်းညွှန်ချက်အရ ကော်မတီသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအပေါ် ကူညီပံ့ပိုးပေးနိုင်ရေးဆောင်ရွက်ပေးနိုင်ရန် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ သတ္တမပုံမှန်အစည်းအဝေး၏ ရှေ့ပိုင်းကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့

အထိ ပြည်ပအဖွဲ့အစည်း(၃)ဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေးခဲ့ကာ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ ပြည်ပအဖွဲ့အစည်း(၃)ခုနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ် -

(က) ၈-၃-၂၀၁၈ ရက်နေ့တွင် ကော်မတီသည် The World Bank မှ Sr. Land Administration Specialist, Mr.Pual Scott Prettitore ဦးဆောင်သည့် အဖွဲ့နှင့် တွေ့ဆုံကာ မြေယာစီမံခန့်ခွဲမှုအတွက် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်း၊

(ခ) ၂၄-၁-၂၀၁၉ ရက်နေ့တွင် တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တိုင်းရင်းသားရေးရာ ကော်မတီတို့သည် Lead Social Development Specialist Mr.sean Bradley ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံကာ Myanmar Peaceful and Prosperous Communities Project (PPCP) နှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်း၊

(ဂ) ၂၉-၅-၂၀၁၉ ရက်နေ့တွင် ကော်မတီသည် The World Bank မှ Senior Land Administration Specialist and Task Team Leader, Paul Prettitore ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံလယ်ယာကဏ္ဍတွင် နည်းပညာအထောက်အပံ့ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်း။

**ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း**

၇။　ခွင့်ပြုချက်ဖြင့် ကော်မတီသည် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးနှင့် တောင်သူလယ်သမားများ အကျိုးစီးပွားမြင့်မားတိုးတက်ရေးအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ သတ္တမပုံမှန်အစည်းအဝေး၏ ရှေ့ပိုင်းကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနလက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်းတွေ့ဆုံဆွေးနွေးခြင်း(၁၀)ကြိမ် ပြုလုပ်ခဲ့ကာ ၁-၃-၂၀၁၈ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများ လက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု (၅)ကြိမ်ပြုလုပ်ခဲ့ပါတယ် -

(က) ၅-၆-၂၀၁၈ ရက်နေ့တွင် သမဝါယမဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သမဝါယမဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းခြင်း၊

( ခ ) ၂၀-၁၁-၂၀၁၈ ရက်နေ့တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ခုနှစ်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများအပါအဝင် သမဝါယမအသင်းစုပိုင် ငွေကြေးသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊

( ဂ ) ၈-၅-၂၀၁၉ ရက်နေ့နှင့် ၂၈-၅-၂၀၁၉ ရက်နေ့တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊

(ဃ) ၂၀-၈-၂၀၁၉ ရက်နေ့တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊

( င ) ၂၉-၈-၂၀၁၉ ရက်နေ့တွင် The Myanmar Post Office Act , 1898 ဥပဒေ နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့စာတိုက်ဦးစီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း။

**တိုင်းဒေသကြီးလွှတ်တော်များအား လက်ခံတွေ့ဆုံခြင်း**

၈။ လမ်းညွှန်မှုအရ ကော်မတီသည် ၉-၈-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီနှင့် တွေ့ဆုံကာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ၂၉-၈-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်လျှပ်စစ်သတ္တုနှင့် သစ်တောရေးရာကော်မတီနှင့် တွေ့ဆုံကာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

**ပြည်သူများထံမှ ပေးပို့တင်ပြလာသော တိုင်ကြားစာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှု အခြေအနေ**

၉။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီသည် ပထမပုံမှန်အစည်းအဝေးကာလအတွင်းဖြစ်သော ကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ၁၈-၂-၂၀၁၆ ရက်နေ့ မှ (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလဖြစ်သည့် ၃၀-၇-၂၀၂၀ ရက်နေ့ထိ ပြည်သူများထံမှ ပေးပို့လာသည့် လယ်ယာမြေကိစ္စရပ်ဆိုင်ရာ တိုင်ကြားစာပေါင်း (၄၄၂၈)စောင်ကို လက်ခံရရှိခဲ့ပါတယ်။ လိပ်မူတိုင်ကြားစာ (၂၅၆၈)စောင်နှင့် မိတ္တူပေးပို့လာသည့် တိုင်ကြားစာမှာ (၁၈၆၀) စောင်ဖြစ်ပါသည်။ လိပ်မူတိုင်ကြားစာများအနက်မှ အချက်အလက်ပြည့်စုံခြင်းမရှိသည့် တိုင်ကြားစာများအား တွဲသိမ်းပြုလုပ်ခဲ့ပြီး အချက်အလက်ပြည့်စုံသည့် တိုင်ကြားစာများကို ကော်မတီမှ အရေးယူဆောင်ရွက်ခဲ့ကာ အကြံပြုချက်၊ သုံးသပ်ချက်များနှင့်အတူ အမှုတွဲများအား ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့ခဲ့ခြင်းများအပေါ် သက်ဆိုင်ရာများမှ စိစစ်ဆောင်ရွက်ပြီး၍ ပြန်လည်ပေးပို့လာသော အမှုတွဲများစာရင်းနှင့် ပြန်ကြားရန်ကျန်အမှုတွဲများစာရင်းကို ဇယားမှာဖော်ပြထားတာဖြစ်ပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် အသေးစိတ်ကို မဖတ်ပြတော့ပါဘူး။ အဓိကအားဖြင့် သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်နယ်အဖွဲ့များ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် မြေစစ်အဖွဲ့များသို့လည်းကောင်း၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းစီမံခန့်ခွဲရေး ဗဟိုကော်မတီအသီးသီးသို့ တိုင်ကြားစာ များမှ သက်ဆိုင်ရာဌာနနှင့်ပတ်သက်သည့် အစီရင်ခံစာ (၄၀၄)စောင်ကို ပေးပို့ထားပြီးဖြစ်ပါတယ်။ ပေးပို့ထားသော အစီရင်ခံစာ (၄၀၄)စောင်မှ ပြန်ကြားလာသည့် အစီရင်ခံစာများမှ အစီရင်ခံစာ အဆုံးသတ်သည့်နေ့အထိ (၂၃၃)စောင် ပြန်လည်ရောက်ရှိပြီး နောက်ထပ် ၃၀-၇-၂၀၂၀ ရက်နေ့မှ ၁၉-၈-၂၀၂၀အထိ နောက်ပိုင်းရောက်ရှိလာသော ပြန်ကြားစာများအနေဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ပြန်ကြားစာ(၆)စောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ (၆)စောင်၊ ကာကွယ် ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြန်ကြားလာသော ပြန်ကြားစာ (၁)စောင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ (၁)စောင်၊ (၉)စောင် ထပ်မံပြန်ကြားလာပါတယ်။ အမှုတွဲစုစုပေါင်း (၂၄၂)စောင် ပြန်လည်ပြန်ကြားလာပါတယ်။

၁၀။ သက်ဆိုင်ရာများအလိုက် ပေးပို့ပြန်ကြားလာသည့် အမှုတွဲများအား ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူကာ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်ကြားရန်ကျန်အမှုတွဲများနှင့် စပ်လျဉ်း၍လည်း ခွင့်ပြုချက်ဖြင့် Reminder ထုတ်ဆင့်ထားခြင်းကို ဆောင်ရွက်ထားပါတယ်။

**ကွင်းဆင်းလေ့လာခြင်း**

၁၁။ ကော်မတီသည် လယ်ယာမြေကိစ္စရပ်ဆိုင်ရာ တိုင်ကြားစာများတွင် အများပြည်သူ အကျိုးစီးပွားထိခိုက်နစ်နာစေမည့်ကိစ္စရပ်များဖြစ်ပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ လမ်းညွှန်မှုခံယူ၍ ကွင်းဆင်းလေ့လာစိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ သတ္တမပုံမှန်အစည်းအဝေး၏ ရှေ့ပိုင်း ကာလဖြစ်သည့် ၂၈-၂-၂၀၁၈ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်မှ ဒေါ်မြင့်တင် ပါ(၅)ဦး၏ တင်ပြစာနှင့် ပတ်သက်၍လည်းကောင်း ၊ မုံရွာမြို့နယ်မှ ဒေါ်ခင်မာလာ နှင့် ဦးခွေးညိုပါ (၅)ဦး၏ တင်ပြစာနှင့် ပတ်သက်၍လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်မှ ဦးဆန်နုပါ (၂) ဦးတို့၏ တင်ပြစာနှင့် ပတ်သက်၍လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ ဦးစိုင်းဆော့ ပါ (၄)ဦး နှင့် ဦးနွဲ့ဖန်တို့၏ တင်ပြစာနှင့်ပတ်သက်၍ လည်းကောင်း၊ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်မှ ဦးကျော်စိုး၏ တင်ပြစာနှင့်ပတ်သက်၍လည်းကောင်း အဆိုပါဒေသများသို့ သွားရောက်၍ကွင်းဆင်း လေ့လာစိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး နေပြည်တော် ပျဉ်းမနား ရေဆင်းတက္ကသိုလ်ရှိ Seeds Bank သို့လည်း သွားရောက်လေ့လာခဲ့ကာ ၁-၃-၂၀၁၈ ရက်နေ့ မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ ကွင်းဆင်းလေ့လာခြင်း(၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ် -

(က) ၅-၆-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၇)ဦးတို့သည် ပျဉ်းမနား ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်သို့ သွားရောက်၍ အထူးပြုဘာသာရပ်များ သင်ကြားနေမှု အခြေအနေနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကွင်းဆင်းလေ့လာခဲ့ခြင်း၊

(ခ) ၂၉-၂-၂၀၂၀ ရက်နေ့မှ ၁-၃-၂၀၂၀ ရက်နေ့အထိ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၈)ဦး တို့သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ထုံးဘို ရိတ်သိမ်း ချိန်လွန် နည်းပညာသင်တန်းကျောင်း၊ ကိုရီးယား - ခါနန်တောင်သူ လယ်သမား နည်းပညာ ဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ ကော်ဖီ သုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန၊ ဒိုးကွင်ပိုးချည်စက်ရုံ၊ ပိုးစာ သုတေသနခြံနှင့် ဒိုးကွင်ဥယျာဉ်ခြံများသို့ ကွင်းဆင်းလေ့လာခဲ့ခြင်း။

## အကြံပြုတင်ပြချက်

၁၂။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီသည် ကော်မတီ၏ လုပ်ငန်းကိစ္စရပ် များနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြအပ်ပါတယ် –

(က) အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီအနေဖြင့် မြန်မာ့လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေများပြုစုခြင်း အပါအဝင် လွှတ်တော်တွင်း ဆောင်ရွက်နေမှုများကို ပြည်တွင်း/ပြည်ပရှိ တောင်သူလယ်သမားသမဂ္ဂများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ရှင်းလင်းချပြဆွေးနွေးမှုများ ပြုလုပ်စေခြင်းဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ ပိုမိုသိရှိနားလည်မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့မှတစ်ဆင့် Stake Holder များ၊ ဒေသခံတောင်သူများမှ သိရှိနားလည်ကာ ပိုမို၍ ပူးပေါင်းပါဝင်နိုင်မှုအကျိုးတရားများ ရရှိစေရေးကို ရည်ရွယ်သည်ဖြစ်ရာ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီအား ပြည်တွင်း/ပြည်ပရှိ တောင်သူလယ်သမားသမဂ္ဂများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုတွေ့ဆုံနိုင်ရေး အလေးပေးဆောင်ရွက်သင့်ပါကြောင်း၊

(ခ) မြေယာသိမ်းဆည်းခြင်းဆိုင်ရာကိစ္စရပ်များသည် သက်ဆိုင်ရာ၌ နှစ်ကာလရှည်ကြာစွာတည်ရှိခဲ့ခြင်း၊ အဆင့်ဆင့်သော သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဖြေရှင်းဆောင်ရွက်မှုများမှာလည်း လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်း၏ အဆင့်ဆင့်ဆောင်ရွက်မှုများ ကွဲလွဲနေခြင်း၊ ရှည်လျားထွေပြားသော ရှုပ်ထွေးမှုများဖြစ်နေခြင်း စသည့်အကြောင်းများကြောင့် ဒေသခံမြေသိမ်းဆည်းခံတောင်သူများထံ လွှတ်တော်ကော်မတီမှ မြေပြင်သို့ဆင်း၍ ထိထိရောက်ရောက် ကွင်းဆင်းစိစစ်ရန် လိုအပ်ခြင်းနှင့် ထိထိရောက်ရောက် စိစစ်ရန်မှာလည်း အမှန်တကယ် လိုအပ်ပါသဖြင့် မြေသိမ်းအမှုများနှင့် ပတ်သက်၍ ထိရောက်စွာဆောင်ရွက်နိုင်ရန် ကွင်းဆင်းစိစစ်ခြင်းများကို ပိုမိုအလေးထားခွင့်ပြုပေးသင့်ပါကြောင်း၊

(ဂ) မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်၍ လွှတ်တော်ကော်မတီနှင့် သက်ဆိုင်ရာဒေသကိုယ်စားလှယ်များတွေ့ဆုံကာ မြေသိမ်းဆည်းခြင်းဆိုင်ရာ ကိစ္စရပ်များ ကိုဆွေးနွေးအဖြေရှာခြင်းဖြင့် မြေသိမ်းဆည်းမှုများအား ထိရောက်အောင်မြင်စွာဖြေရှင်းနိုင်မည့် အကျိုးတရားများရရှိစေရန် အလုပ်ရုံဆွေးနွေးပွဲများ ပိုမိုပြုလုပ်ပေးခြင်းကို အလေးပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**နိဂုံး**

၁၃။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီသည် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ရှေးရှုလျက် ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့် မူဘောင်များနှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူကာ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂:၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂:၅၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၅၇။**

**ဒေါ်စန်းစန်းမြင့် (အဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်

တစ်ရပ်လုံးမင်္ဂလာပါရှင်။ ကျွန်မက ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီအဖွဲ့ဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် ဖြစ်ပါတယ်ရှင်။ ကော်မတီ၏ တာဝန်ပေးအပ်ချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဖတ်ကြားတင်သွင်းမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ (၁-၃-၂၀၁၈ မှ ၁၃-၇-၂၀၂၀ ထိ)

### နိဒါန်း

၁။	နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေရန် တည်ဆောက်လျက်ရှိရာတွင် အလုပ်သမားများသည်လည်း နိုင်ငံတော်အတွက် အရေးပါသော နိုင်ငံသားများဖြစ်ပါသည်။ ထို့ကြောင့်အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

ယခုအစီရင်ခံစာသည် ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု စတုတ္ထမြောက် အစီရင်ခံစာဖြစ်ပါသည်။

### ကော်မတီဖွဲ့စည်းခြင်း

၂။	ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ အမျိုးသားလွှတ်တော်၏ ၁၉-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၆)ဖြင့် ၁၉-၂-၂၀၁၆ ရက်နေ့တွင် ဥက္ကဋ္ဌ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အတွင်းရေးမှူး ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)နှင့် အဖွဲ့ဝင်(၁၃)ဦး၊ စုစုပေါင်း(၁၅)ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီးနောက် ၁၈-၉-၂၀၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၈) ဖြင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) မှ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် အစား တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း အား အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၁-၃-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏

နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၁၉-၂-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ အစား လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီဟု အမည်ပြောင်းလဲခဲ့ပါသည်။ ၂၅-၅-၂၀၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၀) ဖြင့် အဖွဲ့ဝင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထိုက် အစား ဗိုလ်မှူးကြီးညွန့်ဝင်းအောင် အား အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီအစည်းအဝေးများကျင်းပခြင်း**

၃။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကာလမှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပခဲ့ပါသည် -

(က) သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၃) ကြိမ်၊

( ခ ) အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၆) ကြိမ်၊

( ဂ ) နဝမ ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၈) ကြိမ်၊

(ဃ) ဒသမ ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၆) ကြိမ်၊

( င ) (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၈)ကြိမ်၊

( စ ) (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၆)ကြိမ်၊

(ဆ) (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၈)ကြိမ်၊

( ဇ ) (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၆)ကြိမ်၊

(ဈ) (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၈)ကြိမ်၊

(ည) (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေး (၁)ကြိမ်

စုစုပေါင်း (၆၀) ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တွေ့ဆုံခြင်း

၄။ ကော်မတီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးကျင်းပခြင်း (၁၂)ကြိမ်၊ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေပြင်ဆင်ခြင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (ဒုတိယ) အကြိမ်ပြင်ဆင်ခြင်း၊ အိမ်အကူအလုပ်သမားဆိုင်ရာ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစည်းအဝေး (၈) ကြိမ်၊ စုစုပေါင်း (၂၀)ကြိမ် တွေ့ဆုံခဲ့ပါသည်။

## ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း

၅။ ကော်မတီသည် ဂျပန်နိုင်ငံ၊ လွှတ်တော်ရေးရာတရားရေး ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဂျပန် - မြန်မာ လွှတ်တော်အမတ်များ ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဆောင်သောအဖွဲ့များနှင့် တွေ့ဆုံခြင်း (၂)ကြိမ်၊ ILO မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များ၊ အလုပ်သမားဥပဒေများနှင့် စပ်လျဉ်း၍ တွေ့ဆုံခြင်း (၄)ကြိမ်၊ WFD အစီအစဉ်ဖြင့် လွှတ်တော်(၂)ရပ်ရှိ ကော်မတီများအား ကူညီထောက်ပံ့အကြံပေး ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် တွေ့ဆုံခြင်း (၂)ကြိမ်နှင့် အခြားပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း (၆) ကြိမ်၊ စုစုပေါင်း (၁၄)ကြိမ် တွေ့ဆုံခဲ့ပါသည်။

## ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း

၆။ ကော်မတီသည် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေ၊ အိမ်အကူအလုပ်သမားဆိုင်ရာဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ အလုပ်ရှင် အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ အိမ်အကူအလုပ်သမားများအရေးဆောင်ရွက်နေသည့် အရပ်ဘက်လူ့အဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၇)ကြိမ် တွေ့ဆုံခဲ့ပါသည်။

## ပြည်ပခရီးစဉ်သွားရောက်ခြင်း

၇။ ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်သွားရောက်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အဖွဲ့ဝင် ဒေါ်စန်းစန်းမြင့် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Li Zhanshu ၏ ဖိတ်ကြားချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်အဖြစ် ၂၅-၆-၂၀၁၈မှ ၂၉-၆-၂၀၁၈ ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။

( ခ ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အဖွဲ့ဝင် ဦးကြည်ဝင်းသည် International IDEA မှ ဖိတ်ကြားချက်အရ ၂-၃-၂၀၁၉ မှ ၁၀-၃-၂၀၁၉ ထိ တောင်အာဖရိကနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

( ဂ ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အဖွဲ့ဝင် ဦးလှဆန်းသည် ILO ၏ ဖိတ်ကြားချက်အရ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ၉-၆-၂၀၁၉ ရက်နေ့မှ ၁၆-၆-၂၀၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ILO ၏ (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသို့ လေ့လာသူ အဖြစ် တက်ရောက်ခဲ့ပါသည်။

**ကြားနာတွေ့ဆုံခြင်း**

၈။ ၁၅-၅-၂၀၁၉ ရက်နေ့တွင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ် (MOEAF)မှ ဦးချိုထွန်း (အုပ်ချုပ်မှုဒါရိုက်တာ နှင်းဦးဝေကုမ္ပဏီလီမိတက်) ပါ (၂၀)ဦးတို့မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိအား အရေးယူပေးပါရန် တိုင်ကြားလာခြင်းနှင့် စပ်လျဉ်း၍ ကြားနာတွေ့ဆုံခဲ့ပါသည်။ ကော်မတီမှလေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြု ချက်များဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ရန် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌထံ အကြံပြုတင်ပြခဲ့ပါသည်။

**လက်ခံရရှိသော တိုင်ကြားစာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိခြင်း**

၉။ အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီသည် ၁-၃-၂၀၁၈မှ ၁၃-၇-၂၀၂၀ အထိ ပြည်သူများထံမှ အလုပ်သမားများနှင့် စပ်လျဉ်း၍ တိုင်ကြားစာ (၂၅၁)စောင် လက်ခံရရှိခဲ့ပြီး မိတ္တူပေးပို့လာသော တိုင်ကြားစာ (၁၇၄) စောင်ကို ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။ ကော်မတီ အဖွဲ့ဝင်များမှ အမှုတွဲ (၈)စောင်ကို တိုင်ကြားသူ ကာယကံရှင်များနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်ကြားစာ (၆၉)စောင်အား ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ် အကြံပြုချက်များနှင့်အတူ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံတင်ပြခဲ့ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာန များမှ ဖြေရှင်းဆောင်ရွက်ပြီး၍ ကော်မတီသို့ ပြန်လည်ပေးပို့လာသည့် ပြန်ကြားစာ (၆၃)စောင်နှင့် အဆိုပါ ပြန်ကြားစာများကို ပြန်လည်သုံးသပ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ လမ်းညွှန်မှုခံယူခဲ့ပါသည်။ တိုင်စာ(၅၆)စောင်အား တိုင်ကြားသူကာယကံရှင်ထံသို့ ဆောင်ရွက်ချက်၊ အကြံပြုချက်များဖြင့် ပြန်ကြားနိုင်ခဲ့ပါသည်။

၁၀။　　အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် ၃-၂-၂၀၁၆ ရက်နေ့မှ ၁၄-၇-၂၀၂၀ ရက်နေ့အထိ ပြည်သူများထံမှ အလုပ်သမားများနှင့်စပ်လျဉ်း၍ တိုင်ကြားစာစုစုပေါင်း (၄၈၈)စောင် လက်ခံရရှိခဲ့ပြီး မိတ္တူပေးပို့လာသော တိုင်ကြားစာ (၃၆၅)စောင်ကို ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။ တိုင်ကြားစာ (၁၂၃)စောင်အား ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ အကြံပြုချက်များနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ပြီး တိုင်စာများအား ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

**အခြားဆောင်ရွက်ချက်များ**

၁၁။　　ကော်မတီ၏ အခြားဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က)　ကော်မတီသည် အခါအားလျော်စွာ ကမ်းလှမ်းဖိတ်ကြားလာသည့် Workshop များ၊ Seminar များ၊ Debate များသို့ ကော်မတီဝင်များမှ တက်ရောက်ဆွေးနွေးခြင်းများ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့တွင် ကော်မတီဝင်များပါဝင်ဆောင်ရွက်ခြင်းများ၊ လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်ခြင်းများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ အခါအားလျော်စွာ ပေးအပ်လာသည့် တာဝန်များအား ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ)　အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီမှ လွှဲပြောင်းပေးပို့ခဲ့သည့် နှင်းဦးဝေကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးချိုထွန်းပါ(၂၀)ဦး၏ တိုင်ကြားစာနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်တို့အရ ထိုင်းနိုင်ငံ၊ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆၊ ဦးသန်းထိုက်စိုး(ခ)ကိုစိုး နှင့် ဦးစောပြည့်ငြိမ်း(ခ)စောဂျက် တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ ၆၃ အရ တရားစွဲဆိုခဲ့ကြောင်း သိရှိရပါသည်။

(ဂ)　၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သုံးသပ်ရန်အတွက် ကော်မတီအစည်းအဝေးများ ကျင်းပခဲ့ပြီး အဆိုပြုထားသည့် ပြင်ဆင်ချက်များနှင့်

ပတ်သက်၍ ပြင်ဆင်ချက်ဇယားအပေါ်တွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပခဲ့ပြီး အနည်းဆုံးအခကြေးငွေဥပဒေ မူကြမ်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ၁၂-၁၂-၂၀၁၉ ရက်နေ့တွင် တင်ပြနိုင်ခဲ့ပြီး ၃၀-၁-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးရန် အတည်ပြုချက် ရရှိခဲ့ပါသည်။

(ဃ) ၁၆-၇-၂၀၂၀ ရက်နေ့တွင် အိမ်အကူအလုပ်သမားဆိုင်ရာဥပဒေ (မူကြမ်း)ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး ၁၇-၇-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ စိစစ်တင်ပြနိုင်ရန် ဥပဒေကြမ်းကော်မတီသို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။

( င ) အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည် ၂၉-၁-၂၀၁၉ ရက်နေ့မှ ၂၄-၅-၂၀၁၉ ရက်နေ့အထိ UK House Of Commons မှ Mr. Nicholas ၊ ဒေါက်တာနေမျိုးနိုင်နှင့် ကော်မတီမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ခေါင်းစဉ်ဖြင့် ကော်မတီစာတမ်းတိုတစ်စောင်အား ရေးသားနိုင်ခဲ့ပါသည်။

( စ ) မကွေးတိုင်းဒေသကြီး အမှတ် (၁၁)၊ အထည်ချုပ်စက်ရုံ (ပခုက္ကူ)နေ့စား အလုပ်သမား (၃၇)ဦးအား အလုပ်မှ ထုတ်ပယ်သည့်ကိစ္စကို ကော်မတီမှ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြေလည်မှုရရှိသဖြင့် ၂၆-၁-၂၀၂၀ ရက်နေ့တွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့၍ ၁-၂-၂၀၂၀ ရက်နေ့နံနက်ပိုင်းမှ စတင်၍ Myanmar Magic Link Co.,Ltd အထည်ချုပ်စက်ရုံအလုပ်သမားများ လုပ်ငန်းခွင် သို့ ဝင်ရောက်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ**

၁၂။ (က) လက်ရှိအခြေအနေတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှု ပိုမိုများပြားလာသည်နှင့်အမျှ အလုပ်ရှင်၊ အလုပ်သမားများအကြား အငြင်းပွားမှုများ ပိုမိုကြုံတွေ့လာနိုင်ပါသဖြင့် ၎င်းတို့ကို လျှော့ချနိုင်ရန် တိကျခိုင်မာသော၊ မျှတသော၊ ခေတ်နှင့်လျော်ညီသော အလုပ်သမားဥပဒေများ လိုအပ်လာပါသည်။ ဤဥပဒေများ ဖြစ်ပေါ်လာရန်

သက်ဆိုင်သော အလုပ်ရှင်၊ အလုပ်သမားများ၊ ဥပဒေပညာရှင်များ၊ အလုပ်သမားရေးဆောင်ရွက်သူများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်းများပြုလုပ်၍ စဉ်ဆက်မပြတ် လေ့လာသုံးသပ်နေရန် လိုအပ်ပါသည်။

(ခ) ထို့အပြင် ပြဿနာများဖြစ်ပွားရာ လုပ်ငန်းခွင်များသို့ သွားရောက်၍ မြေပြင်အခြေအနေ လေ့လာခြင်းနှင့် အလုပ်ရှင်၊ အလုပ်သမားများကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ပြဿနာများကို လျှော့ကျစေနိုင်ပါသည်။

(ဂ) သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အငြင်းပွားမှုများဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်ပေးရန် စိတ်ကောင်းစေတနာဖြင့် ညှိနှိုင်းဆောင်ရွက်ကြရန်လည်း လိုအပ်ပါသဖြင့် အဆင့်ဆင့်သော အကြီးအကဲများမှ သေသေချာချာကြပ်မတ်၍ စဉ်ဆက်မပြတ် စစ်ဆေးနေရန် လိုအပ်ပါသည်။

**ရှေ့လုပ်ငန်းစဉ်များ**

၁၃။ အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီသည်-

(က) လူမှုဖူလုံရေးဥပဒေ (ပြင်ဆင်)

(ခ) ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (ပြင်ဆင်)

(ဂ) နိုင်ငံခြားသား အလုပ်သမားဥပဒေများကို အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၄။ ကော်မတီသို့ တိုင်ကြားလာသော အလုပ်ရှင်၊ အလုပ်သမားပြဿနာများအား ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်ပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခွင့်ပြုချက်ရယူပြီး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၅။ နိဂုံးချုပ်အားဖြင့် ဆိုရလျှင် အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီသည် အလုပ်သမားများ၏ လူနေမှုဘဝမြင့်မားစေရန် ဥပဒေရေးရာ အကာအကွယ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်ထိန်းညှိပေးခြင်းအားဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်မြင်စွာတည်ထောင်နိုင်ရေးအတွက် ကူညီဖော်ဆောင်ပေးသည့် ကော်မတီတစ်ရပ်ဖြစ်စေရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ကော်မတီ၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း**

**အချိန်၊ ၁၃:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၃:၁၄ နာရီအချိန်တွင် ရပ်နားပါသည်။]